
mgyoe.com
SAMPLE BOOK




# စမ်းချောင်းနီနီ ပြည်တော်အေးအေး

မှူး

mgyoe.com

mgyoe.com SAMPLE BOOK



စမ်းချောင်းနီနီ
ပြည်တော်အေးအေး

မှူး

ISBN 978-99986-52-[illegible]
9 789998 652729 >
K0550

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

---

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကုံးကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - မတ်လ၊ ၂၀၂၅ ခုနှစ်၊ ကုံးကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၁၀၀၀
မျက်နှာဖုံးပုံနှိပ်နှင့် ဦးကျော်ဌေးမင်း၊ အောင်သိန်းသန်း ပုံနှိပ်တိုက်(၀၀၄၃၅)
အတွင်းပုံနှိပ် အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- ကိုကိုနိုင်
တန်ဖိုး - ၉၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

၁၅.၃.၂၀၂၄ (သောကြာနေ့)

## အမှာစာ

ကျွန်မ ဒီစာအတွက်တော့ အမှာစာ ရေးကိုရေးမှ ဖြစ်မယ်လို့ ဆုံးဖြတ်ထားမိပါတယ်။ အကြောင်းအရင်းကို မပြောခင် စာထဲက အကြောင်းအရာတွေထဲမှာ ကျွန်မရဲ့ အကြောက်တရားတွေ အများကြီး ထည့်ဝှက်ထားတယ် ဆိုတာကို အရင် ပြောပြချင်ပါတယ်။ ဒါတွေကို စာဖတ်သူတွေအနေနဲ့ မရှာစေချင်ပါဘူး။ ဝှက်ထားရခြင်း ရည်ရွယ်ချက်က စာဖတ်သူတို့ မရှာဖို့ပါပဲ။ စာတစ်ပုဒ်အနေနဲ့ပဲ စီးမျောစေချင်ပါတယ်။ ကျွန်မဆီမှာ ပြောပြချင်တဲ့ အတွေးတွေ များလွန်းလို့ စာရွက်တွေပေါ် ဖွင့်ထုတ်လိုက်မိတဲ့ သဘောပါပဲ။ ဒီနေရာမှာ ကျေးဇူးတင်စရာ ကောင်းတဲ့ သူတွေလည်း ရှိပါတယ်။ ဒါကတော့ စမ်းချောင်းမှာ နေတဲ့ ကျွန်မရဲ့ အစ်မတွေပါပဲ။ အရင်ဝတ္ထုစာအုပ် ရေးတုန်းက ရန်ကုန်မှာ အခြေချဖို့ ဝေးလို့ တစ်ခါမှတောင် သေသေချာချာ မနေဖူးပါဘဲနဲ့ ရန်ကုန်က တိုက်ခန်းတွေ၊ လမ်းတွေ၊ လူတွေ အကြောင်း ထည့်သွင်းရေးသားခဲ့ပေမဲ့ အခုကတော့ ကျွန်မအနေနဲ့ ရန်ကုန် တိုက်ခန်းတွေပေါ် တက်သွားရတဲ့ လှေကားထစ်တွေမှာ ခြေရာတွေ ထားနိုင်ခဲ့ပြီးပြီ၊ ဝရန်တာချင်း မျက်နှာချင်းဆိုင် နေရတဲ့ အခြေအနေတွေကို ကြုံခဲ့ပြီးပြီ၊ ဘေးဘီဝဲယာ အပြည့်ဖြစ်နေတဲ့ တိုက်ခန်းတွေရဲ့ အလယ်မှာ အသက်ရှူချောင်နိုင်တဲ့ နည်းလမ်းတွေကို ရအောင် ရှာတွေ့နိုင်ခဲ့ပြီးပြီ၊ နောက်ပြီး အစ်မတွေရဲ့ မေတ္တာတွေကိုလည်း စေ့စေ့ငုငု ခံစားခဲ့ရပြီးပြီမို့ နောက်ထပ်ရေးဖို့ ကြိုးစားတဲ့ အခါမှာ ဒီစာတွေ ထွက်လာပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မတို့ဘဝမှာ နေလာရင်းနဲ့ တစ်ပါးသူတွေရဲ့ ဘဝအခြေအနေတွေကို ကိုယ့်ဘဝ အခြေအနေတွေလို့တောင် မှတ်ယူမိပြီး ဝမ်းနည်းကြေကွဲရတဲ့ အဖြစ်တွေ ရှိခဲ့ရတာ အများကြီးပါပဲ။ ဘယ်သူကြောင့်၊ ဘယ်ဝါကြောင့် ဆိုတာတွေ မရှိတော့ဘဲ ဒီအတိုင်း ခံစားမှုနှလုံးသား ပါတဲ့သူအချင်းချင်း ဖလှယ်နိုင်တဲ့ အရာတွေ ဖြစ်ခဲ့ရပါတယ်။ ဒီဝတ္ထုထဲက ဇာတ်ကောင်တွေက ကျွန်မအတွက် ဒီလိုလူတွေပါ။ ရေးနေရင်း စိတ်ပင်ပန်းလွန်းမက ပင်ပန်းလွန်းလို့ နားခဲ့ရတဲ့ အချိန်တွေ ရှိသလို၊ ရေးပြီးသမျှ အားလုံးကို ဖျက်ပစ်ချင်ခဲ့တဲ့ အချိန်တွေလည်း ရှိပါတယ်။ ဒီအကြောင်းကို ပြောပြရခြင်းကလည်း ဟိုးအထက်မှာ ပြောခဲ့သလို ဝတ္ထုထဲမှာ စီးမျောနိုင်ဖို့ပါပဲ၊ ကျန်တာ မရှိပါဘူး။

နောက်ထပ် ပြောပြချင်တာကတော့ ဝတ္ထုရေးသားပုံ အကြောင်းပါ။ ကျွန်မမှာ အခုအချိန် အသက်နှစ်ဆယ်ရောက်တဲ့အထိ စွဲစွဲမြဲမြဲကြိုက်ရတဲ့စာအုပ် ရှိပါတယ်။ အဲဒါကတော့ ဆရာအေးမင်းစော ရေးတဲ့ 'ဆိပ်ကမ်း' ဆိုတဲ့ ဝတ္ထုပါပဲ။ စဖတ်တဲ့အချိန်ကစ,ပြီး အခုအချိန်ထိ ဆိပ်ကမ်းထဲက ရေးဟန်ပုံစံမျိုးကို ရေးချင်ခဲ့မိတဲ့ စိတ်အာသီသ တော်တော် ပြင်းထန်နေခဲ့ရတာပါ။ အတွေးတွေ နောက်ကို မျောလိုက်ရတဲ့ အရသာနဲ့ ဒီအထဲကမှ ထုတ်နုတ်လိုက်နိုင်တဲ့ ခံစားချက်တွေကို ရချင်တဲ့ စိတ်ကြောင့် ကျွန်မ ဒီဝတ္ထုကို ရေးပါတယ်။ ရေးဟန်ကို ဆရာ အေးမင်းစောရဲ့ ဆိပ်ကမ်းစာအုပ်ထဲက ပုံစံမျိုး inspire ယူပြီး ရေးထားတဲ့အကြောင်း ဝန်ခံရမှ ကျွန်မ ကြိုက်နှစ်သက်ရတဲ့ စာပေအပေါ် ရိုးသားမှုရှိမယ် ထင်လို့ ဒီအမှာစာကို ရေးရခြင်း ဖြစ်ပါတယ်။ (စာအုပ်ရဲ့ သုံးပုံ နှစ်ပုံလောက်မှာလည်း ဆိပ်ကမ်းထဲက စာကို ထည့်သွင်း ရေးသားထားပါတယ်။)

တစ်စက္ကန့်၊ တစ်မိနစ်အတွင်းမှာ ဖြစ်ပေါ်သမျှ အတွေးတွေကို လိုက်ကောက်ရတဲ့ ကျွန်မက ဒီဝတ္ထု ရေးနေရင်း ငယ်ငယ်တုန်းက ဘုန်းကြီးကျောင်းဝင်းထဲ ခရေပန်းကောက်နေရသလို ခံစားမှုမျိုး ပြန်ရခဲ့ပါတယ်။ ဒါပေမဲ့ ခရေပန်းတွေလိုတော့ မွှေးမြမနေပါဘူး။ အားလုံးဟာ ဒဏ်ရာဗရပွနဲ့ပါပဲ။ ဇာတ်ကောင်နဲ့ တစ်သားတည်းကျသွားတဲ့ ခံစားမှုမျိုးကို မရတော့ဘူးလို့ ထင်တဲ့အခါ စာမျက်နှာ တော်တော်များများကို ဖျက်ပစ်ပြီး တစ်သားတည်းဖြစ်လွန်းမက ဖြစ်သွားရင်တော့ ကျွန်မ စာရေးခြင်းအမှုကို ရက်အတော်ကြာတဲ့အထိ နားလိုက်ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ပြန်ရေးဖို့ အားမွေးပြီးတဲ့ အခါမှာလည်း ရေးထားသမျှ အစကနေ အဆုံးတိုင်အောင် ပြန်ဖတ်ပြီး ဇာတ်ကောင်အဖြစ်ကို ရဖို့ ကြိုးစားရပြန်ပါတယ်။

ဒါက ကျွန်မနဲ့ ဒီစကားလုံးတွေကြားထဲက ချိတ်ဆက်ထားတဲ့ ချို့ချို့ယွင်းယွင်း ပေါင်းကူးတံတားပဲ ပြောရမလား၊ ဒါမှမဟုတ် အဖန်ဖန်လည်နေတဲ့ သံသရာလို့ပဲ ပြောရမလား၊ ကျွန်မလည်း မသိပါဘူး။ ကျွန်မ သိသမျှအကုန်က လူတိုင်းမှာ ဘဝဇာတ်အစုံစုံ ရှိပြီး ဒီထဲကနေမှ တပိန်ပိန် တလိမ်လိမ် ရှေ့ဆက်နေရတဲ့ အကြောင်းနဲ့ ဘဝဟာ ပန်းတိုင်ရယ်၊ မျှော်လင့်ချက်ရယ်လို့ သိပ်မရှိလည်း ဒီအတိုင်း ဖြစ်လိုက်ပျက်လိုက် တည်ရှိနေတတ်တဲ့ အကြောင်းတွေပါပဲ။ ဒီလို မသိတဲ့ အကြောင်းအရာတွေနဲ့ မေးခွန်းပေါင်း မြောက်မြားစွာကို အမှာစာတင်မှာ မဟုတ်ဘဲ စာအုပ်ထဲမှာပါ ထပ်တွေ့ရမှာပါ။ အဖြေတွေ ထွက်နိုင်ကောင်းရဲ့လို့ ရေးနေရင်း ကျွန်မကိုယ်တိုင် ဆုတောင်းခဲ့တာလည်း ရှိပါတယ်။ စစချင်းရေးတုန်းကတော့ ဒီစာက အတိုဖြစ်မလား၊ အရှည်ဖြစ်မလား မသိခဲ့ပေမဲ့ ရေးဖို့ တွန်းအားနဲ့ ခွန်အားကို အကြိမ်ကြိမ်ပေးခဲ့တဲ့ တီဝိုင်းနဲ့ မမမီကိုလည်း ရင်ထဲကနေ ကျေးဇူးတင်ရပါတယ်။ စာအုပ်အနေနဲ့ ထွက်လာနိုင်ပါ့မလား မသေချာသေးတဲ့ အချိန်မှာ ကျွန်မ ဒီအမှာစာကို ရေးနေပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ စိတ်နဲ့ လက်ကို ချိတ်ဆက်ပြီး ထွက်ကျလာခဲ့တဲ့ စကားလုံးတွေထဲမှာ ရှိရှိသမျှ စိတ်ခွန်အား အလုံးစုံကို တစိုးတစိတောင်မှ မကျန်တော့တဲ့အထိ ဖျစ်ညှစ်ထားမှုက စာဖတ်သူတွေ လက်ထဲရောက်သွားပြီး စာဖတ်သူတွေကိုယ်တိုင်က မြင်နိုင်မယ် ဆိုရင်တော့ အတိုင်းမသိ ကျေနပ်မိမှာပါပဲ။

မှတ်ချက်။ ။ စိတ်ကူးပုံဖော်ထားတဲ့ ဇာတ်လမ်းတွေဖြစ်ပြီး အပြင်မှာရှိတဲ့ လူတွေ၊ နေရာတွေ၊ အကြောင်းအရာတွေ၊ အဖြစ်အပျက်တွေ ဘာတစ်ခုမှ မပါဝင်ပါဘူး။ နောက်ပြီး နှလုံးအားနည်းသူ၊ စိတ်အဆင်မပြေသူတွေ ဖတ်ဖို့ အဆင်မပြေပါဘူးရှင်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

စမ်းချောင်းမြို့နယ်၊ ပြည်တော်အေးလမ်း၊ တိုက်အမှတ် (၂)၊ ငါးလွှာ

အဖေ အရင်ထွက်သွားတယ်။ ပြီးတော့ ညီလေးရယ်၊ အမေရယ်က တစ်လှည့်စီ ထွက်သွားတယ်။

ယိုင်နဲ့နဲ့အိမ်က တိုင်အိုကြီးလို ကျွန်တော် ကျန်နေခဲ့ရတာ အမြဲပဲ။

လှုပ်ရှားဖို့ရာလည်း မစွမ်းသာဘူး။

မထူမတ်နိုင်တော့တဲ့ အခြေအနေကိုလည်း မလွန်ဆန်နိုင်ဘူး။

+++

mgyoe.com

mgyoe.com SAMPLE BOOK

နာရီကို လှမ်းကြည့်တော့ မီးပျက်ဖို့ မိနစ်နှစ်ဆယ်အလို။ အဝတ်လျှော်စက်ထဲက အဝတ်တွေ ထုတ်လှန်းဖို့နဲ့၊ ရေနွေးအိုးတည်၊ ကော်ဖီဖျော်ဖို့ အတွက်ဆို ဒီလောက်က ပိုတောင် ပိုလိမ့်ဦးမယ်လို့ ပြောလို့ရတဲ့ အနေအထားပဲ။ အပြင်ဘက် နေရောင်ဟာ စူးရဲတောက်နေအောင်ကို ပူတယ်။ ဒီနေနဲ့ဆို ညနေမစောင်းခင် လျှော်ထားသမျှ အကုန် ခြောက်လွန်းလို့ ကြွပ်ကြွပ်တောင် မြည်လောက်ရော့မယ်။ ကော်ဖီက တကယ်ဆို စက်နဲ့ ဖျော်သောက်ချင်တာ။ ကျွန်တော် ရှေ့လက လစာရရင် ဝယ်မယ် ဆိုပြီး အစက တေးထားပေမဲ့ အခုတော့ အဝတ်လျှော်စက်ပဲ ဝယ်လိုက်ရတော့တယ်။ တစ်နေ့တစ်နေ့ အဝတ်ထိုင်လျှော်နေရတာက သိပ်ကို ငြီးငွေ့ပင်ပန်းစရာကောင်းလွန်းလို့။

အခုလ လစာထုတ်ရင် ဝယ်လို့ ရကောင်းပါရဲ့။ ဒီလိုပဲ တစ်လ တစ်လ ရွှေ့လာတာလည်း ဘယ်လောက် ကြာနေပြီမှန်းကို မသိတော့ဘူး။ လကုန်ခါနီးရင် မဖြစ်မနေ လိုအပ်တဲ့ဟာတွေ ပေါ်ပေါ်လာတာကိုက အာရုံနောက်စရာပဲ။ တကယ်တမ်း တွေးကြည့်ရင် မဖြစ်မနေလိုတာရယ် မဟုတ်ပါဘူး။ ကျွန်တော်ကိုက စာရေးဖို့ အချိန်နည်းနည်း ပိုလာလို ပိုလာငြား ဆိုပြီး ဟိုဟိုဒီဒီကို ကြံဖန်လျှောက်ဝယ်နေတာ။ သိပ်တော့ မဆိုးပါဘူး။ နာရီဝက်လောက်တော့ ထွက်လာသားပဲ။ ဒါပေမဲ့ ခက်တာက အဲဒီအချိန်မှာ ကျွန်တော် စာရေးချင်စိတ် ရှိမနေတာပဲ။ တောင်တွေး မြောက်တွေးနဲ့ လစာထုတ်ရင် ဘာလုပ်မယ်၊ ဘာဝယ်မယ်၊ အသုံးစရိတ် ဘယ်လောက်ထားမယ် ဆိုတဲ့ တွေးပြီးသား အတွေးတွေကိုပဲ ပြန်ကာလှန်ကာ တွေးနေမိတာ။

mgyoe.com

mgyoe.com SAMPLE BOOK


ဒါတွေ တွေးရတာ ပျော်လွန်းလို့တော့လည်း မဟုတ်ပါဘူး။ ဒီအလုပ်က ရထားတာ နှစ်တစ်ဝက် မပြည့်သေးဘူး။ လုပ်ရကိုင်ရတာ စိတ်ဖိစီးလွန်းလို့ တစ်နေ့တစ်နေ့ လကုန်ရက် ရမယ့် လစာ.လစာ လစာ ဆိုတာကိုပဲ ဂါထာရွတ်သလို ထိုင်ရွတ်ပြီး ကိုယ့်စိတ်ကိုယ် အားပေးနေရတာ။ ထွက်ဖို့လည်း စိတ်မကူးရဲပါဘူး။ အဲဒီအခါကျမှ စိတ်ဖိစီးရတာနဲ့ ပင်ပန်းတာပဲ ရှိတော့မှာ။ လစာ လစာ လစာ ဆိုတာလေးတောင် ဘယ်နေမှန်းသိမှာ မဟုတ်တော့ဘူး။

ဒီလိုနဲ့ ထိုင်တွေးနေလိုက်တာ ခုနက မိနစ်နှစ်ဆယ်ကို ဆယ်မိနစ်ပဲကျန်မှ သတိဝင်တော့တယ်။ အဝတ်တွေကလည်း စက်ထဲမှာ ဒီအတိုင်း၊ ပွက်နေတဲ့ ရေနွေးအိုးကလည်း ခလုတ်မဖြုတ် ဘာမဖြုတ်နဲ့ ဒီအတိုင်း။ မတတ်နိုင်ဘူး။ တတ်သုတ်ရိုက်ပြီး လုပ်ရုံပဲ။ ဆယ်မိနစ်က တကယ်ကို အမောတကြီး လုပ်ရတဲ့အချိန်ပဲ။ ဒါဆို မီးပျက်မှ လှန်းရင်ကောဆို အဲဒါလည်း ရတော့ ရပါတယ်။ ကျွန်တော့်စိတ်ကိုက ဒါကို ဒီအချိန်မှာ ပြီးအောင်လုပ်မယ်ဆို ပြီးလိုက်ရမှ။ မဟုတ်ရင် စိတ်ထဲ ခုပြီး ကျန်နေခဲ့တာ။ အဲဒီဆယ်မိနစ် ကုန်ဖို့ တစ်မိနစ်အလိုကျမှ ကျွန်တော်လုပ်စရာတွေ အကုန် လုပ်ပြီးတော့တယ်။ ဒီတော့မှ စိတ်က နေရထိုင်ရ သက်သာပြီး ဖျော်ထားတဲ့ ကော်ဖီကို ဟန်ကျပန်ကျ သောက်နိုင်တာပဲ။

ကော်ဖီအရသာက ထူးပြီး ဇာချဲ့ပြောနေစရာတော့ မရှိပါဘူး။ နို့မှုန့်တို့ နို့ဆီတို့နဲ့ တခမ်းတနားချိန်ဆပြီး ဖျော်ထားတာမှ မဟုတ်တာပဲ။ ပရိမီယာ သရီးအင်ဝမ်း အထုပ်ကို ခပ်ကျဲကျဲ ဖျော်ထားရုံတင်။ ရေနွေးက ခုမှ တည်ထားပြီးခါစကျစ်နေအောင် ပူနေတာမို့ ရှိရှိသမျှ အမှုန့်တွေအကုန် ကောင်းကောင်း ပျော်သွားတဲ့ ပုံပဲ။ မနေ့ညနေ အလုပ်က ပြန်လာတုန်းကဆို မနက်က တည်ခဲ့တဲ့ ရေနွေးနဲ့ကော်ဖီသောက်မယ် ဆိုပြီး အမှုန့်တွေကို အရင်ထည့်၊ ပြီးမှ ရေနွေး လောင်းထည့်လိုက်တာ၊ ရေနွေးက အေးခါနီးအခြေအနေ၊ ကော်ဖီအမှုန့်တွေက အပေါ်မှာပေါလောမျောပြီး ကျကျနန မပျော်ဘူး။ ကျွန်တော် စိတ်ပေါက်ပေါက်နဲ့ အကုန်သွန်ချပစ်လိုက်တာပဲ။ ပြီးခါမှ နှမြောလိုက်တာ ဆိုတာလေ။ ကော်ဖီ တစ်ထုပ်ဈေးနဲ့ ရေနွေးကို မနက်က ကြိုးစားပမ်းစား ထတည်ထားရတဲ့ အချိန်တွေက နည်းတာမှတ်လို့၊ ကျွန်တော် ဘေစင်နှုတ်ခမ်းသားမှာ တင်နေတဲ့ ကော်ဖီမှုန့်တွေကို စိတ်ပျက်လက်ပျက် ထိုင်ကြည့်နေမိတယ်။ ဒါပေမဲ့ သောက်လိုက်ပြန်ရင်လည်း ဒီထက်မက စိတ်ပျက်ရမှာ ဆိုတာကိုလည်း သိနှင့်ပြီးသားပါပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK


ဒီနေ့ကတော့ အလုပ်ပိတ်လို့ တစ်ပတ်စာ လျှော်စရာ ဖွပ်စရာတွေ လျှော်၊ ကော်ဖီကို စိမ်ပြေနပြေ သောက်ရင်း အချိန်ပြည့် အလုပ်အနေနဲ့ လုပ်ဖို့ရာ ကျွန်တော့်အဖို့ သိပ်မဖြစ်နိုင်နေသေးတဲ့ စာရေးတဲ့ဆီမှာ ဖြည်းဖြည်းချင်း ဈာန်ဝင်စားဖို့ ကြိုးစားရတယ်။ ဆောင်းရာသီကုန်ခါနီး အချိန်က နွေးခေါင်ခေါင်နဲ့ သိပ်ပြီး ထူးမခြားနားပါပဲ။

ကျွန်တော်တစ်ယောက်တည်း နေတဲ့ ပျင်းခြောက်ခြောက် အခန်းဘက်ကို အိမ်ရှေ့ဝရန်တာ သေးဖျောက်ဖျောက်ကနေ လည်ပြန် ခေါင်းလှည့်ထား မိတယ်။ မလှည့်လို့လည်း မရဘူးလေ။ မျက်နှာချင်းဆိုင် တိုက်ခန်းရဲ့ အောက် တစ်ထပ် ဝရန်တာမှာ အမျိုးသမီးနှစ်ဦးက အဝတ်ကို အေးအေးဆေးဆေး လှန်း နေကြတာ။ သားအမိလား ဘာလားတော့ မသိဘူး။ တစ်ယောက်က လေးဆယ် ကျော်အရွယ်၊ နောက်တစ်ယောက်က ထဘီရင်ရှားတတ်ခါစ မြီးကောင်ပေါက် မလေး။ သူတို့တိုက်ခန်း ဖွဲ့စည်းပုံက ကျွန်တော့်တိုက်ခန်းနဲ့ သိပ်မကွာလှတာကို ဒီရေချိုးခန်း ကျဉ်းကျပ်ကျပ်ထဲ နှစ်ယောက် ဘယ်လို ဝင်ချိုးသလဲ မသိဘူး။ ဒါမှ မဟုတ် တစ်ယောက်က မချိုးရသေးဘဲ၊ ရေချိုးခန်းထဲ မဝင်ခင် နောက် တစ်ယောက် အဝတ်လှန်းစရာ နေရာရှိအောင် ခြောက်နှင့်ပြီးသား အဝတ်တွေကို ရုပ်ပေးနေတာ များလား။

ဒီလို သိချင်စိတ်တွေက ကျွန်တော့် တစ်ကိုယ်လုံးကို မရိုးမရွဖြစ်နေစေ တယ်။ ဘယ်သူက ရေချိုးပြီးတာလဲ ဆိုတာကို စေ့စေ့ကြီး လှမ်းကြည့်လို့ကလည်း မကောင်းနေပြန်ဘူး။ ဒါနဲ့ပဲ ကုန်ခါနီးကော်ဖီကို တစ်ငုံချင်း မျိုရတယ်။ ခန္ဓာ ကိုယ်နဲ့ ဆန့်ကျင်ဘက်အရပ်ကို ခေါင်းတစ်စောင်းကြီး လှည့်ထားတာ ဆိုတော့ ကော်ဖီရေတွေက လည်ချောင်းထဲ ဖြောင့်ဖြောင့်ကြီး ဆင်းမလာဘူး။ ဟွပ်ခနဲ တစ်ချက်သီးလိုက်တာ သောက်ထားတဲ့ တစ်ငုံစာ အကုန်ပြန်ထွက်တဲ့ အထိပဲ။ တကယ်တော့ ခေါင်းငုံ့ပြီး လုပ်စရာရှိတာတွေ လုပ်နေလိုက်တော့လည်း ဘာမှ မဖြစ်ပါဘူး။ အခုကျ ရုတ်တရက်ကြီး လှည့်ထားပြီးခါမှ တည့်တည့်ကြီး ပြန်လှည့် လာရင် ရုပ်ပျက်မှာ စိုးလို့၊ မထူးပါဘူး ဆိုပြီး အောင့်အည်းနေလိုက်ရတော့တာပဲ။ တစ်အောင့်နေမှ မျက်လုံးထောင့်ကနေ မရဲတရဲ ချောင်းကြည့်ရတယ်။ လူ့အရိပ် အခြည် မတွေ့ရဘူး ဆိုတာ သေချာလို့ ခေါင်းကို သေချာပြန်လှည့်ပြီး သောက် လက်စ ကော်ဖီခွက်ကို ငုံ့ကြည့်တော့ တစ်စက်သာသာလေးပဲ ကျန်တော့မှန်း သတိထားမိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘ၀ကလဲ"

ဒါက မနက်ခင်း နိုးလာပါပြီ ဆိုကတည်းက ခုနေ့ခင်း တစ်နာရီ ထိုးပြီးတဲ့ အချိန်အတွင်း ပထမဆုံး ပါးစပ်က ထွက်တဲ့ စကားပဲ။ ဘာကြောင့် ဒီစကားကို ပြောလိုက်မိမှန်း ကိုယ့်ကိုယ်ကိုယ်လည်း မသိပါဘူး။ တကယ်ဆို ရာသီဥတုကလဲ၊ ဒီမိန်းမ နှစ်ယောက်ကလဲ၊ ဒီလျှပ်စစ်မီးကလဲ၊ ဒီကော်ဖီကလဲ ဆိုတာတွေကို ပြောလို့ ရနေရဲ့သားနဲ့၊ ဘာလို့ ဘ၀ကလဲ ဆိုတဲ့ စကားကို ပါးစပ်ကနေ ထွက်သွားရတာလဲ။ စာရေးနိုင်ရလောက်တဲ့ အထိလည်း လုံလောက်တဲ့ စိတ်အတွေး မဟုတ်ဘူး။ ဖြစ်နေပျက်နေတာတွေနဲ့ ယှဉ်ပြန်ရင်လည်း အဲဒီလောက်အထိ ပြောပလောက်စရာ ကြီးကြီးမားမား ခံစားကြုံတွေ့နေရတာမျိုး ရှိနေတာ မဟုတ်ဘူး။

ကိုယ့်စိတ် ကိုယ် ဘာမှန်းသိဖို့ ခက်နေလို့ အာရုံပြောင်းဖို့ကို မနည်းကြိုးစားလိုက်ရတယ်။ တခြားတော့ မဟုတ်ပါဘူး။ ခုနက မိန်းမနှစ်ယောက် ဘာတွေ ရပ်ပြီး ဘာတွေ လှန်းသွားလဲ ဆိုတာကို ကြည့်လိုက်ရုံတင်ရယ်။ ဘယ်အ၀တ်တွေ ရုပ်သွားလဲ ဆိုတာကို သိဖို့ဆို နဂိုက ဘာတွေ လှန်းထားတာလဲ ဆိုတာကို ပြန်တွေးကြည့်မှ ဖြစ်မယ်။ ဒီလိုပုံစံနဲ့ မှတ်ဉာဏ်ကို ပြန်ခေါ်ပြီး အတွေးပြောင်းဖို့ ကြိုးစားရတာ အူတိအူကြောင်နိုင်မှန်း သိပါတယ်။ ဒါပေမဲ့ ဒါက ကျွန်တော့်အတွက် တော်တော် အလုပ်ဖြစ်တာ။

ဆိုတော့ စဉ်းစားစမ်း၊ အခုလှန်းထားတာတွေမှာ အစိုအတိုင်း ရှိနေတဲ့ပုံပေါက်တာက ဂျင်းဘောင်းဘီတစ်ထည်၊ လုံချည်နှစ်ထည်၊ စပန့်အင်္ကျီ လက်ပြတ်နှစ်ထည်နဲ့ မိန်းမ၀တ်အတွင်းခံ ဘော်လီအကြီးကြီး နှစ်ထည်၊ မခြောက်တခြောက် ထန့်တန့်တန့်ပုံစံ ဖြစ်နေတာက ပုဆိုးတစ်ထည်၊ ရှည်လွန်းလို့ ၀တ်လိုက်ရင် တင်ပါးအထိတောင် ဖုံးသွားလောက်မယ့် စွပ်ကျယ်အဖြူ သုံးထည်၊ ဒါဆို ခုနက နှစ်ယောက်ထဲက ချိုးပြီးလို့ ထွက်လာတဲ့သူက မိန်းမကြီး ဖြစ်လောက်မယ်။ ဟိုမြီးကောင်ပေါက်မလေးက ရေချိုးဖို့ လုံချည်ရင်ရှားနေတုန်း အ၀တ်ရုပ်ဖို့ လှမ်းခေါ်လို့ ပျင်းတိပျင်းတွဲ ထွက်လာတာများလား။ ဒါလည်း ဖြစ်နိုင်တာပဲ။ ကျွန်တော့်ရဲ့ စိတ်ကူးပုံဖော်မှုကိုသာ ကြားကြရင် စိတ်မဆိုးဦးတော့၊ တစ်ယောက်တည်း ဘာတွေ လျှောက်ဇာတ်လမ်းဆင်နေလဲ မသိဘူး ဆိုပြီး သောက်မြင်ကတ်ပုဒ်မနဲ့ မျက်စောင်း တစ်ကြိမ်စီတော့ ထိုးကြမလားပဲ။ ဒီလောက်အထိ အတွေး

mgyoe.com

mgyoe.com


တွေကို ပြောင်းရွှေ့နယ်ချဲ့ပြီး သကာလမှာမှ ကျွန်တော့်မယ် တော်တော် နေသာ ထိုင်သာ ရှိသွားတယ်။

လက်မှာ ပတ်ထားတဲ့ နာရီကို ငုံ့ကြည့်လိုက်ဦးမလို့ပဲ၊ ပြီးမှ ခဏ ပြန်ရပ်လိုက်တာ။ ဒီကနေ့မှာ ပိတ်ရက်ဆိုတာက လွဲပြီး ဘယ်နှနာရီ ထိုးနေပြီလဲ ဆိုတဲ့ အချိန်တွေကိုလည်း မသိချင်၊ ယုတ်စွအဆုံး ဒီနေ့ ဘာနေ့လဲ ဆိုတာတောင် မသိချင်ဘူး။ ပိတ်ရက်က တစ်ပတ် နှစ်ရက်ရတာတော့ ဟုတ်တယ်လေ။ အဲဒီနှစ်ရက်ထဲက အခု ဘယ်ရက်လဲ ဆိုတာကို မသိချင်တာ။ ရှင်းရှင်းပြောရရင် ဦးနှောက်ကြီး တစ်ခုလုံးကို အဲဒါနဲ့ပတ်သက်ပြီး ဘာအလုပ်မှကို မလုပ်ခိုင်းချင်တာပဲ။ ကိုင်း… ဒါထက် ရှင်းလိမ့်ဦးမလား။

ခုလိုကြီး တွေးလိုက်တော့ ရုတ်တရက် ကျွန်တော့် အဖေကိုတောင် သွားသတိရတယ်။ ကိုင်း… ဆိုတာကို ပါးစပ်က ထုတ်မပြောဘဲ တွေးလိုက်တာနဲ့တင် အဖေ့အသံကြီး နားထဲ ကြားလာတာ။ ကျွန်တော့်ကို အဖေနဲ့ ရုပ်ရော၊ အသံရော တူတယ်လို့ ရှိရှိသမျှ ဆွေမျိုးတိုင်းက မှတ်ချက်ပေးကြတာပဲ။ အဖေ့အသံ ကြားပြီး အဖေ့ကို သတိရသွားတာက လွန်တော့လည်း မလွန်ပါဘူး။ မှန်ကြည့်တိုင်း တစ်ချက်တော့ သတိရ၊ စကားပြောလို့ အသံကို သတိထားမိသွားတဲ့ အခါတိုင်း ခဏတော့ အောက်မေ့ဖူးတာချည်းပဲ။ ဒါပေသိ ဒီနေ့က ထူးထူးဆန်းဆန်း ကိုယ့်အသံကိုယ် စိတ်ထဲမှာ ပုံဖော်ကြည့်နေရင်းကနေ သတိရသွားတာမျိုးတော့ တစ်ခါမှ မဖြစ်ဖူးဘူး။ ကျွန်တော်ပဲ မမှတ်မိတာလားတော့ မသိ။ ထားပါတော့။ အဖေ့ကို သတိရတဲ့အကြောင်း ဆက်ရင် အိမ်အကြောင်း ပါလာမှာ။ အိမ်လို့ပြောရင် ပြေးမြင်တဲ့ လူတွေက အဖေရယ်၊ အမေရယ်၊ ညီလေးရယ်၊ အင်း… ပြီးတော့ ကျွန်တော်ရယ်ပေါ့။

အိမ်အကြောင်း ပြောအပြီးမှာ အနောက်က လိုက်လာတဲ့ သက်ပြင်းရှည်ကြီးကို ကျွန်တော် မသိချင်ယောင် ဆောင်လိုက်တယ်။ ဘာကြောင့်ရယ်မှတော့ မဟုတ်ပါဘူး။ မျက်စိရှေ့မှာ မြင်ရတဲ့ ပိတောက်ပင်ရဲ့ ထိပ်ဆုံးအကိုင်းမှာ ရှဉ့်ကလေးတစ်ကောင်ကို ဖျတ်ခနဲ မြင်လိုက်ရလို့၊ ကျွန်တော့်အခန်းက ငါးထပ်မှာ။ ပိတောက်ပင် ဆိုတာကလည်း အဲဒီထိပ်ဖျားကိုင်းပဲ မြင်ရတာရယ်။ ပြီးတော့ မိုးကြိုးပစ်စေ့ ပိတောက်ပင်။

ကျွန်တော် ဒီကို စရောက်တော့ သကြံန်တွင်းကြီး ထင်တယ်၊ ဟုတ်

mgyoe.com

m.gyoe.com SAMPLE BOOK


တယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က များလား။ ပိတောက် တစ်ခက်၊ နှစ်ခက်ကလေး ကျန်တာကိုတော့ အဲဒီတုန်းက သတိထားလိုက်မိတယ်။ ပိတောက်ကလေးတွေ ခမျာ အပင်မှာ ကြာကြာမမြဲပါဘူး။ ကိုင်းနီးလို့ ဆိုပြီး အောက်ဘက်က တိုက်ခန်းတွေက လှမ်းချိုးလိုက်၊ တကူးတကကြီး အပင်ပေါ်တက်ပြီး ကိုင်းတွေ ဖြတ်လိုက်နဲ့၊ သစ်ငှက်တို့ဘဝ မရောက်ရုံတစ်မည်။

အဲဒီတုန်းကဆို မှတ်မိသေးတယ်၊ ပိတောက်ခက်ကလေးက ကျွန်တော့် ဝရန်တာမှာ မေးဖျားလေး လာတင်နေတာ။ ဘေးကပ်ရက် တိုက်ခန်းက အန်တီကြီးက ဟိုကောင်လေး၊ ဟို တစ်ယောက်တည်းနေတဲ့ ကောင်လေး အန်တီ့ကို အဲဒါလေး လှမ်းခူးပေးပါကွယ် ဆိုပြီး မနက်အစော ရေသန့်ဘူး မှာနေတုန်း လှမ်းပြောတာ။ ကပ်နေတော့ မကြားချင်ယောင်ဆောင်လို့ကလည်း မကောင်း၊ ဝရန်တာကနေ ခေါင်းရော လည်ပင်းရော ပြူထွက်လာပြီး တကူးတက ပြောနေတာက တစ်ကြောင်းမို့ ကျွန်တော့်မှာ ခူးပေးလိုက်ရတယ်။ စိတ်ကတော့ အောင့်သက်သက်ရယ်။ ခူးရင်းနဲ့ အပင်ကို ငုံ့ကြည့်တော့ အကိုင်းတွေ ပြတ်ပြီး.ပန်းတွေလည်း ကုန်နေပြီ။ နောက်ပြီး တစ်ယောက်တည်းနေတဲ့ ကောင်လေးလို့ အခေါ်ခံရလို့ ဘာကို ရှက်လို့ ရှက်မှန်းမသိ ဖြစ်နေရတာရော၊ တစ်ပင်လုံးမှာ နောက်ဆုံးကျန်တဲ့ တစ်ခက်ကို ခူးလိုက်ရလို့ အပြစ်ရှိစိတ် ဝင်နေမိတာရောနဲ့ ဘာမှန်းကို မသိပါဘူး။

ပြီးတော့ ကျွန်တော် အမှတ်မမှားဘူးဆိုရင် အဲဒါက ပိတောက်ပင်ရဲ့ နောက်ဆုံး ပိတောက်ခက်ပဲ။ ထပ်ပြီး ဖူးလည်း မဖူး၊ ပွင့်လည်း မပွင့်တော့ဘူး။ ဒီလောက် အဖြစ်သည်းကြတဲ့လူတွေ နေကြစမ်း ဆိုပြီးများ လုပ်လေရော့သလား မသိ။ ဒီလိုတွေးကြည့်တော့ စိတ်နာနာနဲ့ ကိုယ်တိုင်ရဲ့ ဖြစ်တည်နေမှုတွေကိုပါ ကိစ္စတုံးပစ်လိုက်တာ များလားလို့ တွေးမိပြီး ကျောချမ်းမိသေးတယ်။ လာမယ့် နွေစစ်စစ်မှာတော့ ထပ်ပွင့်စေချင်သေးတယ်။ အနည်းဆုံးတော့ ကျွန်တော် အပါအဝင် ဘယ်သူမှ လက်လှမ်းမမီလောက်တဲ့ အကိုင်းအဖျား သေးသေးလေးမှာပေါ့။ ဒီလိုဆိုရင်တောင် အဲဒီကိုင်းဖျားလေး ပါတဲ့ သစ်ကိုင်းအကြီးကြီး တစ်ခုလုံးကို ဒီလူတွေ ဖြတ်တောက်ပစ်ကြဦးမလား။ ကျွန်တော် ကိုယ့်အတွေးနဲ့ကိုယ် စိတ်ပျက်လက်ပျက် ဖြစ်သွားရတယ်။ မပွင့်ရင်လည်း မပွင့်ပါနဲ့တော့။ မသေသွားရင် ပြီးရော မဟုတ်လား။ ချိုးလိုက်ကြ၊ ဖဲ့လိုက်ကြ၊ ခုတ်လိုက်ကြ၊ ထစ်လိုက်ကြနဲ့ ဘယ်လောက်တောင် အရုပ်ဆိုး အကျည်းတန်သွားရလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

လမ်းထဲက လူတွေကတော့ ဒီအပင် မရှိလည်း ဘယ်က ပိတောက်ပင်တွေကို သွားချိုးသလဲ မသိ၊ ဒါမှမဟုတ် ဈေးမှာ ရောင်းတာများလား။ သင်္ကြန်တွင်းဆို ပိတောက်ခက်ကြီးတွေ ပွေ့ပွေ့ပြီး လမ်းကြားရဲ့ ဘယ်ဘက်ကို ချိုးတဲ့သူက ချိုး၊ ညာဘက်ကို ချိုးတဲ့သူက ချိုး၊ တိုက်ခန်းတွေပေါ် အလျှိုအလျှိုတက်တဲ့သူက တက်ပဲ။ တချို့ဆို ခေါင်းမှာ ပန်ထားလိုက်ကြတာများ ပိတောက်ပင်ပေါက်ကြီး ခေါင်းစိုက်ထားတဲ့ အတိုင်းပဲ၊ ဘာတွေ လုပ်ကြတယ် မသိ၊ ပန်းဟာ ပန်းနေရာမှာ ရှိရမယ်၊ လူတွေဟာလည်း လူတွေ နေရာမှာ ရှိရမယ်လေ။ ကျွန်တော်ကပဲ သိပ်ပြီး အထိမခံ ဖြစ်နေသလားတော့ မပြောတတ်ပါဘူး။

တွေးလိုက်၊ ဟိုဟိုဒီဒီ ကြည့်လိုက် လုပ်နေတဲ့ ကျွန်တော့် အာရုံထဲကို ခုနက ရှဉ့်က ပြန်ဝင်လာတယ်။ ပိတောက်ခက်ကလေး ကျွန်တော့် ဝရန်တာမှာ မေးတင်ခဲ့တဲ့ နေရာအထိကို သူ တိုးလာခဲ့တာ။ အနက်ရောင် မျက်လုံးပြူး ဝိုင်းဝိုင်းဟာ ကြည်လင် တောက်ပြောင်လို့၊ နားရွက်တို သေးသေးလေးက ခပ်လှုပ်လှုပ်နဲ့၊ သစ်ကိုင်း သေးသေးလေးကပဲ မငြိမ်လို့ တစ်ကိုယ်လုံး လှုပ်နေတာလား၊ နားရွက်လေးချည်းပဲ လှုပ်တာလား သိချင်တာနဲ့ ကျွန်တော် ဖြည်းဖြည်းချင်း အနားတိုးပြီး ကြည့်လိုက်တယ်။ စေ့စေ့ကြည့်လေ ဝေခွဲမရလေ ဖြစ်နေရင်း ခေါင်းပါ မူးလာလို့ ကျွန်တော့်မှာ တခြားတစ်နေရာကို အကြည့်လွှဲလိုက်ရတယ်။ ရင်ခေါင်းထဲက အမျိုးအမည် နာမည်တပ်မရတဲ့ ခံစားချက်ကြီးတစ်ခုက ပျို့တက်လာသလိုပဲ။ အန်ဖို့ နောက်ဖေးထဲပဲ ပြေးသွားလိုက်ရမလား၊ ခဏလောက် မျက်လုံးမှိတ်ပြီး နားနေလိုက်ရမလားကို မသိတော့ပါဘူး။

အဲဒီလို ခေါင်းမူးနေတုန်း အဖေ့ကို ထပ်သတိရသွားပြန်တယ်၊ အဖေက ဝလို့ နှလုံးသွေးကြောလေးတွေ မဖြစ်စလောက် ကျဉ်းတယ် ဆိုတဲ့ ဟာက လွဲရင် ကျန်တာ အကောင်းရယ်။ ဒါပေမဲ့ တစ်ရက်ကျ မူးလိုက်တာလို့ ပြောပြီး ခဏငြိမ်နေရင်းကနေ နာရီဝက်လောက် ကြာတော့ မလှုပ်တော့ဘူး။ ပက်လက်ကုလားထိုင်ပေါ်မှာ တင်လျှောလျှောကြီး ထိုင်နေပြီး ခေါင်းတစ်ခြမ်း စောင်းနေတဲ့ အဖေ့ပုံစံကို အရင်ဆုံး စသတိထားမိလိုက်တဲ့ သူက ကျွန်တော်ပါပဲ။

အဖေ့ ခန္ဓာကိုယ်ကြီးကို စေ့စေ့ကြည့်ရင်း ပါးစပ်ကနေ အမေ အမေလို့ပဲ ဆက်တိုက်ဆိုသလို ခေါ်နေခဲ့တာ ဆိုပြီး ကျွန်တော့်အသံကို ကြားလို့ ပြေးလာတဲ့ အိမ်နီးနားချင်း ဦးလေးကြီးက ပြန်ပြောပြခဲ့တယ်။ ကျွန်တော် အဲဒီတုန်း

mgyoe.com

mgyoe.com SAMPLE BOOK


ကဆို ရှက်ကလည်း ရှက်၊ မဟုတ်တာတွေ ပြောမနေစမ်းနဲ့လို့ အရှူးချီးပန်း အော်ဆဲပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းလို့ကလည်း မရနဲ့ တကယ်ကို ဖြောင်းဆန်နေခဲ့ရတာပဲ။ အမေကလည်း ကျွန်တော့်ကို ထိန်းနိုင်ဖို့ နေနေသာသာ၊ သူ့ဘာသာသူကို အရှပ်ကြိုးပြတ်ရယ်။ ပြေးကြည့်လို့မှ ဒီမိသားစု လေးယောက်ပဲ အနားမှာ ရှိနေပါတယ်ဆိုမှ အဖေက ရုတ်တရက် ချက်ချင်းကြီး နှုတ်ဆက်သွား၊ တင်ပဆုံ လျှောလျှောနဲ့ ထိုင်နေပုံအတိုင်း ကျွန်တော်တို့ အနားကနေ ထွက်ခွာသွားတော့တာ။ အခု အဲဒါတွေ ပြန်တွေးမိပြီး ကိုယ့်ပုံစံကိုယ် သတိထားမိလိုက်တော့ အဖေဆုံးတုန်းကအတိုင်း ထိုင်နေမိတာပဲ။ ခန္ဓာကိုယ် ဝတာနဲ့ ပိန်တာပဲ ကွာတယ်။ ကျွန်တော့် တင်ပါးအောက်က ပလတ်စတစ်ကုလားထိုင်ရဲ့ ခြေထောက်တွေဟာ ခါတိုင်းထက်တောင် ပိုကားနေသေးတယ်။ ထိုင်ပါများလို့လား၊ ကျွန်တော် ထိုင်တဲ့ပုံက တစ်မျိုးဖြစ်နေလို့လားတော့ မသိဘူး။ သတိဝင်ပြီးတဲ့ အချိန်မှာ ကျွန်တော်ဟာ ဆတ်ခနဲ ထနှင့်ပြီးပြီ။ ကုလားထိုင်ရဲ့ ခြေထောက်တွေ တဖြည်းဖြည်း အပေါ် ကြွတက်လာတာကို တုန်တုန်ယင်ယင်နဲ့ ရပ်ကြည့်နေမိတယ်။ အဖေ့ ခန္ဓာကိုယ်ကို မ,ပြီး ရွှေ့ကြတုန်းကလည်း အဲဒီလိုကြီးပဲ။

ရုတ်တရက် ကျွန်တော်ဟာ အဖေ ဖြစ်သွားပြီး အမေဟာ ကျွန်တော်တို့ သားအဖ သုံးယောက်စာအတွက် သုံးဆယ်ဆလောက် မကအောင် ပေါင်းပြီး ငိုနေရတယ်တဲ့။ ဒီပုံရိပ်ဟာ ရုပ်ရှင်ပြကွက်ကြီး တစ်ခုကို စိတ်ဆင်းရဲစရာ ကောင်းလွန်းလို့ မမှတ်မိချင်ဘဲ မှတ်မိနေတဲ့အတိုင်း ကျွန်တော့်ခေါင်းထဲမှာ တစ်ကွက်ချင်း ပေါ်လာတယ်။ နောက်ခံတီးလုံး အသံနေရာမှာ ဝမ်းနည်းစရာ အခန်းတွေဆို တစ်ကားနဲ့တစ်ကား ထပ်နေအောင် သုံးကြတဲ့ နှဲသံကြီးအစား ကျွန်တော့်ရဲ့ အမေ အမေ ဆိုတဲ့ အသံကြီးက ဟည်းထွက်လာတယ်။ ကျွန်တော့်စိတ်ထဲ အိမ် ပြန်ရောက်သွားသလိုပဲ။ အိမ်ဟာ ဗလာချည်း။ ဘယ်တော့မှ ပြန်မလာတော့တဲ့ ညီလေးရဲ့ အခန်းက ဖုန်အလိမ်းလိမ်းတက်ပြီး ကျန်တဲ့ နေရာအားလုံးက ဘာဆို ဘာမှ မရှိတဲ့ ဟာလာဟင်းလင်းပြင်ကျယ်ကြီးပဲ။ နံရံတွေပေါ် စိုက်ထားတဲ့ သံမှို ယိုင်နဲ့နဲ့တွေ ထုတ်ချင်းပေါက် ဝင်နေတဲ့ စာရွက်အထပ်လိုက်ကြီးတွေကအစ ပျောက်ခြင်းမလှ ပျောက်နေတယ်။ လျှပ်စစ်မီတာစာရွက်' ဆိုရင် ဆောင်ပြီးတဲ့ အခါ ဒီနေရာမှာ ချိတ်၊ ရေမီတာစာရွက်တွေဆို ဟိုနေရာမှာ ချိတ်၊ ဒါက အိမ်သော့ ခြံဝင်း သော့ချိတ်ဖို့ ဒါက ငါ့ဦးထုပ် ချိတ်ဖို့ ဆိုပြီး အဖေ စီရရီနှက်ထားတဲ့ သံတွေ

mgyoe.com

mgyoe.com

နေရာမှာ ဟောင်းလောင်းပေါက်ကြီးတွေ။ ထရံတွေဟာ ပြတဲ့နေရာက ပြဲ၊ စုတ်တဲ့နေရာက စုတ်၊ သစ်သားနေရာတွေမှာ ခြကိုက်ခံထားရတဲ့ အပေါက်တွေ အများကြီး။ ခိုက်နေအောင် ချမ်းတဲ့ ဆောင်းလေကလည်း အိမ်ထဲကို စိမ့်ခနဲ ဝင်လာနေသေးတယ်။ ကျွန်တော့် လက်ဖျံတစ်လျှောက်မှာ ထသွားတဲ့ ကြက်သီးမွေးညင်းတွေဟာ ခြကိုက်ရာတွေလိုပဲ။ အပေါက်တွေ ပလုံစီနေတယ်။ တစ်ချိန်တည်းမှာပဲ အမေ့ တင်ပါးမှာ ပေါက်ဖူးတဲ့ ဆန်ကာပေါက်လို အနာတွေက ကျွန်တော့်စိတ်ထဲ တင် မကဘဲ အမြင်အာရုံထဲပါ တိုးဝင်လာပြန်တယ်။ ဖန်ဆေးရည်နွေးနွေးနဲ့ ဆေးချလိုက်ရင် သက်သာသလိုလို ရှိသွားတတ်တဲ့ ပုံကို အမေ့ မျက်နှာပေါ်က နဖူးကြောတွေ ပြေလျော့သွားတာကို ကြည့်ခြင်းအားဖြင့် သိနိုင်ခဲ့တာ အမြဲပဲ။

အမေက အဖေနဲ့ယှဉ်ရင် အမြဲချူချာတယ်။ တော်ကြာနေ လေအောင့်တယ်၊ တော်ကြာနေ ဆီးအောင့်တယ်၊ တော်ကြာနေရင် အနာပေါက်ကြီးတွေ ဖြစ်တယ်၊ တော်ကြာနေရင် ဆီးချိုတွေ ဆောင့်တက်တယ်၊ ဆီးချိုနဲ့ အနာဟာ အဖန်ဖန်လည်နေတဲ့ သံသရာဆိုးကြီးလိုပဲ။ အနာဖြစ်လို့ ဆီးချိုတက်တယ် ဆိုလား၊ ဆီးချိုတက်လို့ အနာက မကျက်တာ ဆိုလား။ ဆေးခန်း၊ တိုက်နယ်ဆေးရုံ၊ မြို့ပေါ်က ဆေးရုံကြီး၊ အရပ်ထဲက သူနာပြုအိမ်၊ ဒါတွေဟာ ကျွန်တော်နဲ့အမေ၊ တစ်ခါတလေ ကျွန်တော်ရယ်၊ အမေနဲ့ အဖေရယ် ခြေချင်းလိမ်ခဲ့ကြတဲ့ နေရာတွေပေါ့။ များသောအားဖြင့်ကတော့ တစ်အိမ်လုံးရောင်းလို့ ရတာမှန်သမျှ အကုန် ထုခွဲရောင်းချထားပြီး ဝယ်ထားရတဲ့ ကားလေးနဲ့ သွားကြရတာ။ အဖေက အရင်က ကုန်တင်ကားမောင်းသမားမို့ လမ်းလည်း ကျွမ်း၊ ကားလည်း ကျွမ်းပေမဲ့ မျက်စိက အတော်မှုန်နေပြီ။ ရုတ်တရက် တစ်ဖက်ကားက မီးစူးသွားထာတို့၊ နေထိုးလိုက်တာတို့ ဆိုရင် ပြာတောက်ပြီး စက္ကန့်ပိုင်းလောက် ဘာမှ မမြင်ရတော့ဘူးတဲ့။ အဲဒါနဲ့ ကျွန်တော်က ကားမောင်းကို အတင်းသင်ရတော့တာ။ အဖေက အစပိုင်း သိပ်စိတ်မချချင်ဘူး။ နောက်တော့ ကျွန်တော့် စိတ်မချ၊ ဘယ်သူ့ စိတ်ချတုံးမဟဲ့ ဆိုပြီး လက်လျှော့သွားတာ။

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်မှာဆို ညီလေးက လက်ရဲဇက်ရဲနဲ့ ဘာမဆို စမ်းသပ်ဖို့ အဆင်သင့်ဖြစ်နေတတ်ပေမဲ့ ကျွန်တော်ကတော့ ဘာလုပ်လုပ် တွန့်ဆုတ်ပြီး ဖြစ်မလာသေးတဲ့ အရာတွေကို တွေးပူနေတတ်တဲ့သူ။ ဒါ ဟိုးအရင် ကတည်းကပဲ။ ဆည်ကြီးထဲ ရေသွားစိမ်ရအောင်တို့၊ ဟိုတက်လမ်းထဲက စော်လေး

mgyoe.com SAMPLE BOOK


သွားငမ်းရအောင်တို့ ဆေးလိပ်လေး စမ်းသောက်ကြည့်ပါလားတို့ ဆိုရင် ကျွန်တော်က အလိုလို ငြင်းပြီးသား။ အဲဒီလိုဆို ကျွန်တော့်ညီက အမေတို့ကို ပြန်မတိုင်ဘူးမလားလို့ စပ်ဖြဲဖြဲပြောပြီး သူ လုပ်မယ်ပြောတဲ့ဟာတွေ အကုန်လုံး ကွက်တိဒက်ထိကို စမ်းသပ်တော့တာ။ ဆိုလိုချင်တာက ဒီအကြံကို ကျွန်တော်ပါ သိပြီးသားမို့ အလိုတူ အလိုပါပဲ၊ မပြောနဲ့ ဆိုတာမျိုး။ ကျွန်တော်ကလည်း မပြောပါဘူး။ တစ်ခုဆူရင် ဟိုးရှေ့နှစ်တွေက ဆူခဲ့ရတာတွေကိုပါ ပြန်ပြီး မြေလှန်ရင်း၊ ချီးခြောက်ရေနွေးတတ်တဲ့ အမေ့အကျင့်ကို မသိတာလည်း မဟုတ်။ အဖေ့စကားနဲ့ ပြောရရင် 'ဒါတွေ ကြုံရလွန်းလို့ အံတိုနေပြီကွ' ဆိုသလိုပဲ။ တစ်ခါတလေ ဒီကောင့်အတွက်ပါ ဖုံးပေး ဖိပေးသေးတယ်။ ဒါတွေလည်း သူ့ ပြန်ပြောမနေပါဘူး။ ကျွန်တော့်နားအေးရင် ပြီးတာပဲ။

တစ်ခါကဆို ကျွန်တော်ရော၊ အဖေရော ဖုံးပေးထားပါရက်နဲ့ သူ အရက်ကြမ်းတွေ စမ်းသောက်ကြည့်တာကို အမေ ရိပ်မိသွားတယ်။ ကိုကြီး ပြောလိုက်တာလား၊ သွားချွန်တာလားလို့ အမေးမခံရပါဘူး။ သူ့အရက်နံ့ သူ- သိတာပဲ။ အကျီမှာရော၊ ပုဆိုးမှာရော ထောင်းလမောင်းကို ထနေတာ။ အငယ်ကောင်ဆိုတာကို အစချီပြီး ရှေးပဝေသဏီက ဒီကောင် ဆိုးခဲ့ သွမ်းခဲ့တာတွေ၊ ကျွန်တော်ဖုံးပေးထားတာတွေ၊ ကျွန်တော်နဲ့ အဖေရဲ့ မရှိမဲ့ရှိမဲ့ အပြစ်တွေကို တစ်ခုချင်းတစ်ရစ်ချင်း ဆွဲထုတ်၊ နေ့လယ်ကတည်းကနေ ဆူလိုက် ပြောလိုက်တာ ညစာစားနေရင်းလည်း ပြော၊ ညအိပ်ရာဝင်ချိန်ထိ ပြောနဲ့ ကျွန်တော်တို့ တော်တော်ဒဏ်ခံလိုက်ရတယ်။ အခံရဆုံးကတော့ အဖေပေါ့။ အမေနဲ့ တစ်ခန်းတည်းအတူတူ အိပ်ရတာကိုး။ ကျွန်တော်တို့ညီအစ်ကိုက မျက်နှာကို ရွှေးစေ့လောက်လေးထိအောင် ညှိုးနွမ်းထားပြီး အိပ်ရာဝင်ကြရတာ။ အဲဒီရက်က အငယ်ကောင်လည်း သောက်ထားသမျှ အကုန်ပြေ၊ ကျွန်တော်ကလည်း အားတိုင်း မင်းကြောင့်ငါပါပြောခံရတာ ဆိုပြီး သွားသွားညှော်၊ အမေနဲ့တင် မကဘူး၊ ကျွန်တော်နဲ့ အငယ်ကောင်နဲ့ပါ နောက်တစ်ပွဲ ဆက်ခါနီးတော့မလို့၊ နားတွေ ပူလွန်းလို့သာ ဘရိတ်အုပ်လိုက်ရတာ။

နေဦး၊ ကျွန်တော့်အတွေးတွေကိုလည်း ခဏလောက်ဖြစ်ဖြစ် ဘရိတ်အုပ်မှ ဖြစ်တော့မယ်။ သတိဝင်လို့ ဘေးပတ်ပတ်လည်ကို လှည့်ကြည့်တော့နေရောင်ဟာ မျက်စောင်းထိုးတိုက်ရဲ့ ထောင့်ဖျားမှာ တွဲလဲခိုနေတုန်း။ နားထဲမှာ

mgyoe.com

mgyoe.com SAMPLE BOOK


ငှက်သံကို တစ်ချက်တစ်ချက် ကြားနေရတယ်။ လမ်းကြားထဲက ကားသံတွေကို ဖုံးလွှမ်းသွားနိုင်လောက်တဲ့ အထိတော့ မဟုတ်ဘူးပေါ့။ ကျွန်တော်က ငါးထပ်မြောက်မှာ မို့လို့သာ ပိုနီးနီးကပ်ကပ် ကြားရတယ် ထင်တာပဲ။ လမ်းတစ်လျှောက်က အနိမ့်အမြင့်မတူတဲ့ တိုက်တွေ အမျိုးမျိုးဟာ ငယ်ငယ်က သစ်သားတုံးအဆွေးတွေကို အဆင့်ဆင့် ညီနေအောင်စီပြီး ဆော့ခဲ့ဖူးတဲ့ ပုံစံအတိုင်းပဲ။ ဖုန်အလိမ်းလိမ်း တက်နေတဲ့ နံရံညစ်မည်းမည်းကြီးကို ရေတွေ ဖျန်းလိုက်၊ ဖုန်ပြန်တက်အောင် ခဏစောင့်လိုက်၊ တော်တော်ကြာရင် ရေအပုပ်တွေ ဖြန်းခနဲနေအောင် ပက်လိုက် လုပ်ထားတဲ့အတိုင်း တိုက်တိုင်းလိုလိုမှာ အမည်းရောင် ညစ်ထေးထေးအစင်းကြောင်းကြီးတွေ ထင်နေတယ်။ ဘယ်ခုနှစ်တုန်းက ဒီတိုက်တွေကို ဆောက်ခဲ့တယ် ဆိုတာကို ခန့်မှန်းဖို့ ခက်ရလောက်တဲ့အထိ အရောင်တွေက မွဲစုတ်ဖျော့တော့နေတယ်။

ဟိုးတစ်လောကဆို လျှောင်လှုပ်ပြီး ငါးထပ်တိုက်ကြီး စောင်းသွားတယ်ဆိုတာကို ဆိုရှယ်မီဒီယာတစ်ခု ကြည့်ရင်း တွေ့လိုက်ရတယ်။ ဆိုရှယ်မီဒီယာတစ်ခုခုထဲမှာလား၊ အဲဒီ ဆိုရှယ်မီဒီယာကို သုံးဖို့ ဗီပီအန် ဖွင့်နေတုန်း တက်လာတဲ့ သတင်းလားတော့ သိပ်ပြီး မမှတ်မိတော့ဘူး။ တိုက်ရဲ့ အလယ်တည့်တည့်မှာ မျဉ်းဖြောင့်တစ်ကြောင်း ဆွဲပြထားပြီး အရင်ပုံနဲ့ လျှောင်လှုပ်ပြီးပုံကို ယှဉ်ပြထားတာ။ ပုံကိုတော့ ခေါင်းထဲ သံမှိုနဲ့နှက်သလို သေသေချာချာကြီးကို မှတ်မိနေတယ်။ မျက်လုံးထဲကနေ ဖျောက်ဖို့ ခက်နေတဲ့ အထိလို့တောင် ပြောလို့ရတယ်။ အနီးကပ်ကြည့်မိတော့ ဝရန်တာရဲ့ အပေါ်မှာ ဆင့်ပြီး တပ်ထားတဲ့ သံပန်းတွေရဲ့ အရောင်ကို ပိုသတိထားမိတယ်။ နှစ်အတော်ကြာနေပြီ ဆိုတာဟာ ကြည့်လေလက်မခံဘဲ နေလို့ မရလေပဲ။

အဲဒီတုန်းကဆို စာအုပ်ဆိုင်ကို သွားရင်း ဖျတ်ခနဲ တွေ့ပြီး ခေါင်းထဲ မှတ်မှတ်ထင်ထင် ဖြစ်သွားတဲ့ စာအုပ် တစ်အုပ်ကိုတောင် သွားသတိရမိတယ်။ စာအုပ်နာမည်က 'နှစ်တွေ အတော်ကြာအောင် အတူနေခဲ့ကြ' ဖြစ်ပြီး စာရေးသူက ဝါနုပါ။ ကျွန်တော်ဟာ မဆီမဆိုင် အဲဒီတိုက်ကြီးတွေနဲ့ နှစ်တွေ အတော်ကြာအောင် အတူနေခဲ့ကြတဲ့ သူတွေကော ရှိခဲ့ရဲ့လား၊ ရှိခဲ့တယ် ဆိုရင်ကော ဆက်ပြီး ရှိနိုင်ပါဦးမလားလို့ တွေးမိပြီး ဘာကို စိတ်မကောင်းဖြစ်လို့ ဖြစ်သွားမှန်း မသိဘူး။

တကယ်တော့ နှစ်တွေ ဆိုတာက စက္ကန့်၊ မိနစ်၊ နာရီ နေ့ရက်တွေ၊ လတွေ အများကြီး စုပေါင်းထားတဲ့ အချိန်ကာလ အရှည်ကြီးပါပဲ။ နေမလား၊ နေနိုင်ဦး

mgyoe.com

mgyoe.com SAMPLE BOOK


မလား ဆိုတဲ့ မေးခွန်းကို ဘယ်သူ့ ဘယ်သူမှာမှ ဖြေပိုင်ခွင့် သိပ်မရှိကြဘူး။ ကျွန်တော်ကကော ဘယ်သူနဲ့ ဘယ်လောက် နှစ်တွေ အတော်ကြာအောင် အတူနေဖြစ်ခဲ့ကြလဲ။ ဒီအချိန်ကာလကိုကော စိတ်က အမှန်တကယ် ကျေနပ် လက်ခံနိုင်ရဲ့လား။ ပြင်ချင်ပေမဲ့ ပြင်ခွင့် မရှိတော့တာတွေကော ဘယ်နှခုလောက်များ ရှိနေခဲ့ရပြီလဲ။ ကျွန်တော့်စိတ်ကြီးဟာ တိုက်အဟောင်းကြီး အဖြစ်နဲ့ ခပ်ဆင်ဆင် တူနေမလား။ ဘယ်အချိန် ပြိုကျမလဲ ဆိုတဲ့ ယိုင်နဲ့နဲ့စိတ်တွေ ကျွန်တော့်မှာ စီးဆင်းနေရပြီလား။ နားထဲမှာ 'အကြီးကောင်ကြီး၊ ငါ့သားကြီး ပင်ပန်းနေပြီလား' ဆိုတဲ့ အမေ့အသံက အလိုလို ဝင်လာပြန်တယ်။ မျက်စိကို တင်းနေအောင် မှိတ်ပြီး နားကိုတော့ ပိတ်မပစ်လိုက်မိဘူး။ မျက်စိကို မှိတ်တယ် ဆိုတဲ့ အကြောင်းပြချက်ဟာလည်း လွန်ခဲ့တဲ့ အချိန်ကာလ အပိုင်းအခြား တစ်ခုဆီက အမေ့ရဲ့ နောက်ဆုံးပုံရိပ်ကို ဒီထက်ပိုပြီး ပြက်ပြက်ထင်ထင် ဖမ်းမိချင်လို့ပါ၊ ဒီလောက်ဆို နားကို မပိတ်ပစ်တဲ့ အကြောင်းအရင်းကိုလည်း ရိပ်ဖမ်းသံဖမ်းလောက် ဖြစ်ဖြစ် သိလောက်မယ် ထင်ပါတယ်။

အမေ့အတွက် ဆိုပြီး အသားကွပ်ပျစ်လေးတစ်ခု ကျွန်တော် စီစဉ်ပေးထားဖူးတယ်။ အိမ်ဟာ သိပ်ပြီး ကျယ်နေတာ မဟုတ်ပေမဲ့ အပေါ်ထပ်လေးရှိတော့ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ရဲ့ အခန်းရယ်၊ ဘုရားစင်ရယ်က အပေါ်ထပ်မှာ၊ အမေတို့အခန်းက အောက်ထပ်မှာ၊ မီးဖိုခန်းရယ်၊ ဧည့်ခန်းရယ်နဲ့ တွဲရက်။ ကွပ်ပျစ်က ဧည့်ခန်းတစ်နေရာလုံးစာ နေရာယူသလို ဖြစ်တော့ အမေက အားနာတယ်။ မင်းအဖေဖို့ ထိုင်ခုံချစရာနေရာတောင် မရှိတော့ဘူးတဲ့။ ဒါနဲ့ပဲ အိမ်ရှေ့မှာ အမိုး မကြီးမသေးလေး တပ်ဖို့ ပြင်ရပြန်တယ်။ အဲဒီမှာ အဖေက သူထိုင်နေကျ ထိုင်ခုံနဲ့ထိုင်၊ ကျွန်တော်တို့က တစ်ခါတလေ ဂစ်တာခေါက်ချင်ခေါက်။ ဂစ်တာ ဆိုတာကလည်း တစ်လက်ကိုင်ပါ။ အငယ်ကောင်က ရချင်လွန်းလို့ ကျွန်တော် သုံးလလောက် ခွဲဆပ်ပါ့မယ် ဆိုပြီး ဝယ်ပေးထားတာ။ ဒေါင်ဒေါင်ဒင်ဒင် တီးပြီး နှစ်ပတ်လောက် ဂစ်တာနားကနေ မခွာပေမဲ့ နောက်တော့ ပစ်ပစ်ခါခါကြီးကို လုပ်ပစ်လို့ ကျွန်တော့်မှာ နမြောမြောနဲ့ ဂစ်တာတီးနည်းတွေ ကြည့်ပြီး အလကားမဖြစ်အောင် လျှောက်တီးကြည့်ရတယ်။ လက်မှာ အသားမာတွေ တက်ပြီး နာလိုက်တာလို့ ပြောတော့ ကိုကြီးက ဗိုက်မဆံ့မပြုနဲ့ နမြောစာတွေ နင်းကန်စားတဲ့ လူလိုပဲ တဲ့။ မစားချင် မစားနဲ့၊ မလုပ်ချင် မလုပ်နဲ့ပေါ့ တဲ့။ တယ်...

mgyoe.com

mgyoe.com SAMPLE BOOK


ငါလေ လုပ်လိုက်ရ ဆိုပြီး ဂစ်တာကို ဘေးချ၊ ပြေးရိုက်မယ် ပြင်တော့မှ ပြောင်ချော်ချော်နဲ့ ထွက်သွားတာ။ ကျွန်တော် ဂစ်တာကို ပစ်ထားတာကြားရင် 'ကိုကြီး မတီးဘူး ဆိုရင် ဂစ်တာကြိုးတွေ လျှော့ထားလေ' ဆိုတာက လာသေးတယ်။ ဂျိုကြည့် လှမ်းကြည့်တော့ ခုနကလို စပ်ဖြဲဖြဲနဲ့ သူ့ လုပ်စရာရှိတာ ဆက်လုပ်နေပြန်တယ်။ အဲဒီလိုသာ သူ့ကို စိတ်တိုတာပါ။ သူ ပြောတဲ့အတိုင်း ထလုပ်မိတာပါပဲ။ ညနေဆို သီချင်းနဲ့တီးလုံး သိပ်အချိုးမညီတဲ့ အသံတွေ ကြားရရင် အဲဒါ ပြေးမကြည့်ပါနဲ့၊ ကျွန်တော်တို့ အိမ်လေးပါပဲ။ အမေက ခါတိုင်းလို ဆိုရင်တော့ နားညည်းလွယ်တတ်ပေမဲ့ သူ့သားကြီးရဲ့ ကကျိုးကကျောင် ဂစ်တာသံကိုတော့ စိတ်ပါလက်ပါ နားထောင်ရှာတယ်။ ဒေါ်အေးမြ သားလေးတွေက အိမ်ကပ်တဲ့ အလိမ္မာလေးတွေလို့ ပြောကြတယ်ဆိုရင် သူတို့ သွားချင်ရင်တော့ ကျုပ်က သွားခွင့်ပေးမှာပါလို့ အမေက ပြန်ဖြေတတ်တယ်။ ဒါပေမဲ့ ကျေနပ်အပြုံးကြီးနဲ့ ဖြေတာပါ။

ကျွန်တော် အမေ့ကို သတိရနေတာပဲ။ ဒီလို တွေးလိုက်တော့ အခု လက်ရှိအချိန်ရဲ့ ဟာလာဟင်းလင်း နိုင်နေမှုကြီးကို အလန့်တကြား ခံစားလိုက်မိတယ်။ ကျွန်တော်က တစ်ယောက်တည်းနေတဲ့ ကောင်လေးတဲ့။ ဒါဟာ ဘေးပတ်ဝန်းကျင် အမြင်မှာတောင်မှ ထင်ဟပ်နေတဲ့ ကျွန်တော့်ရဲ့ အစစ်မှန်ဆုံး ပုံရိပ်ပဲ။ ဘာဆို ဘာကိုမှ လိမ်ညာလို့ မရဘူး။ နေ့ရက်တွေဟာ တစ်ရက်နဲ့ တစ်ရက် ဒီအတိုင်း ထပ်နေတယ်။ ပိတောက်ပွင့်လာတယ်။ ဒီပိတောက်ခက်လေးကို ခူးပေးပါဦးလို့ ဘေးတိုက်ခန်းကနေ စကားစပြောတာ ခံရတယ်။ ရှဉ့်ကလေးက အနားကို တိုးလာတယ်၊ မျက်စောင်းထိုး အောက်ဘက်က တိုက်ခန်းရဲ့ ဝရန်တာမှာ စိတ်ဝင်စားစရာ ကောင်းလိုကောင်းငြား ဆိုပြီး အာရုံကို စူးစိုက်ထားစရာ ရှိတယ်၊ ဒါပေမဲ့ ဒါတွေဟာ ကျွန်တော့်ရဲ့ နေ့စဉ်ဘဝမှာ အမြဲလိုလို ရှိမနေနိုင်ဘူး။ ဘယ်တော့မှ မပွင့်တဲ့အထိ တုံးသွားတဲ့ ပိတောက်ပင်ကြီးကအစ ကျွန်တော့်ဆီ ပြန်မလာတော့ဘူးလို့ ပြောနေသလိုပဲ။

လစ်လပ်သွားမှု နေရာမှာ ဘာကို အစားထိုးဖို့များ ဖြစ်နိုင်ဦးမလဲ ဆိုတာ နေ့စဉ်နဲ့အမျှ ရှာဖွေနေဖို့ လုံလောက်တဲ့ အားအင်မျိုး ကျွန်တော့်မှာ ရှိနေနိုင်ပါ့မလား။ နေ့စဉ်နဲ့ အမျှလေ၊ သိလား။ နေ့စဉ်နဲ့အမျှ ဆိုတာကို နေ့ခင်းမှာ မက်တဲ့ အိပ်မက်ဆိုးကြီးလိုမျိုး ကျိုးလန့်စာစား ကြောက်လန့်နေရမယ်လို့ တွေးခဲ့ဖူးကြလား။ ကျွန်တော့်အတွက် ဒီလို တွေးလိုက်မိတဲ့ ပထမဆုံးအကြိမ်ဟာ သိပ်ကို

mgyoe.com

mgyoe.com SAMPLE BOOK


ချောက်ချားစရာ ကောင်းတယ်။ နေ့စဉ်နဲ့အမျှ နေ့တိုင်းရက်တိုင်း၊ စက္ကန့်မလပ် အချိန်တိုင်း တဲ့။ နှလုံးဟာ တဒိတ်ဒိတ် ခုန်လာတယ်။ နားထင်က သွေးတွေဟာ တစ်သက်လုံးစာ ငြိမ်နေခဲ့သလောက် အခုမှ အတိုးချပြီး တိုးနေသလိုပဲ။ အဆုတ်နှစ်ဖက်ကိုလည်း တစ်ယောက်ယောက်က ပလတ်စတစ်ကြိုးတွေ အများကြီးနဲ့ ချည်လိုက်၊ ထုံးလိုက်၊ ညှစ်လိုက်လုပ်နေသလား အောက်မေ့ရတယ်။ နားထဲမှာ ငှက်သံတွေက ပျောက်ခြင်းမလှ ပျောက်ကုန်တယ်။ ရုတ်ခြည်း အမှောင်ကျသွားတယ်လို့ ပြောချင်ပေမဲ့ တကယ်က အလင်းကျသွားတာ။ အဲဒီလိုပြောရင် မှန်ပါ့မလားတော့ မသိဘူး။ တစ်လောကလုံးမှာ ကျွန်တော် တစ်ယောက်တည်း ထီးထီးကြီး ရပ်နေမိသလိုပဲ။ ဒီအလင်းတွေကို ရေကန်တွေထဲက စုပ်ခွက်ငါးကြီးတွေလို ကျွန်တော့်စိတ်ထဲ ပုံဖော်နေမိတယ်။ အလင်းရဲ့ ဝါးမျိုခံရမှုကို ကြုံဖူးကြလား။ အခုဆိုရင် ကျွန်တော်ကလွဲပြီး ရှိရှိသမျှ အရာအားလုံးက လင်းကျင်းနေတာ။ မှောင်မိုက်ခံနေရတာဟာ ဒီကမ္ဘာမှာ ပြစ်မှုကြီးတစ်ခု ကျူးလွန်ထားမိသလိုပဲ။ ဘယ်တော့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ ခန္ဓာကိုယ်ရဲ့ အစိတ်အပိုင်းတွေ ဝါးမျိုခံလိုက်ရမလဲ မသိနိုင်တဲ့ အဖြစ်ကို ကျွန်တော် ကြုံနေရတယ်။ အသက်ရှူလိုက်တိုင်း ကျွန်တော့်ခန္ဓာကိုယ်ထဲကနေ တစ်ခုမဟုတ် တစ်ခု ပျောက်သွားသလိုပဲ။

အဖေ၊ အမေ၊ ညီလေး။

နောက်ပြီးတော့ ကျွန်တော်။

ဒီလေးယောက် ဆိုတဲ့ ဖြစ်တည်မှုကနေ သုံးယောက်ဟာ အကြောင်းအမျိုးမျိုးနဲ့ ဘဝထဲက အနုတ်ခံလိုက်ရပြီး ကျွန်တော် တစ်ယောက်တည်း ကျန်ခဲ့ရတယ်။ ဒါမှမဟုတ် ကျွန်တော်တစ်ယောက်တည်း ဟောဒီဘဝကနေ အနုတ်ခံလိုက်ရတာများလား။ ဒါကြောင့်ပဲ နေ့စဉ်နဲ့အမျှ ဆိုတဲ့ ကျိန်စာဟာ ကျွန်တော့်တစ်ကိုယ်တည်းဆီကို မိုးမှောင်မိုက်တွေ ရွာချသလို သင့်နေရတာလား။ မျက်လုံးကို တင်းနေအောင် မှိတ်လိုက်ပေမဲ့ ခုနကလို အမေ့ပုံရိပ် ပေါ်မလာတော့ဘူး။ တစ်ချိန်တည်းမှာပဲ ထွက်သွားတဲ့ ညီလေးရဲ့ ကျောပြင်ကို ပုံဖော်ကြည့်လိုက်မိတယ်။ ကျွန်တော်ဟာ တစ်ယောက်တည်း အမှီအခိုမရှိ ခြောက်ခြောက်သွေ့သွေ့ နေထိုင်သွားရမှာကို အခုအချိန်မှာ တကယ်သေမလောက် ကြောက်နေမိတယ်။ မှတ်မိဖို့ခက်တဲ့ မှတ်ဉာဏ်အပိုင်းအစတွေထဲမှာ ဘာတွေ ရှိသလဲ ဆိုတာကို အပတ်တကုတ် ရှာဖွေနေမိတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


'ကိုကြီး အမေ့ကို စိတ်ချမယ်နော်' လို့ ပြောသွားတာလား။ ဒါမှမဟုတ် 'ကိုကြီး စိတ်ချမယ်နော်' လို့ပဲ ပြောသွားတာလား။ အသံဟာ နားထဲ ကြားမလာ၊ ကျောပြင်ဟာလည်း မှုန်ဝါးဝါး။ အဲဒီတုန်းက ကျွန်တော် ဘာပြောခဲ့လိုက်မိတာလဲ။ ဂရုစိုက်နော်လို့ကော သေချာမှာလိုက်မိလား။ ပြန်လာနော်လို့တော့ မပြောလိုက်မိဘူး ထင်တယ်။ အဲဒါကြောင့် ညီလေး ပြန်မလာနိုင်ခဲ့တာများလား။ အိမ်ဟာ သူ့အတွက် အမြဲတံခါးဖွင့်ထားတဲ့အကြောင်း၊ နေရောင်ခြည်တွေက နွေးရာကနေ ပူကျစ်တောက်လာတယ်လို့ ခံစားရပြီဆို အချိန်မရွေး ပြန်လာနိုင်တဲ့အကြောင်း၊ အမေ့ကို ကိုကြီး စိတ်နဲ့ကိုယ်ရှိသလောက် အစွမ်းကုန်စောင့်ရှောက်မယ် ဆိုတဲ့အကြောင်း၊ ပြန်လာမှာကို မျှော်နေမယ့်အကြောင်း စတဲ့ အကြောင်းအကြောင်းအကြောင်းတွေကို ကျွန်တော် ဘာလို့ မပြောလိုက်မိခဲ့တာလဲ။

လူတွေက ဖြစ်တည်နေထိုင်လာခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာ လုပ်လိုက် ပြောလိုက်မိတဲ့ အရာတွေထက်စာရင် မလုပ်မိ မပြောမိတဲ့ အရာတွေအတွက် နောင်တတွေ ရတတ်ကြတယ်တဲ့။ အထူးသဖြင့် စကားပြောချင်တဲ့ လူတွေ၊ စိတ်အားထက်ထက်သန်သန်နဲ့ လုပ်ချင်တဲ့ အရာတွေက ဒီလောကကြီးမှာ ဆက်ပြီး မရှိနေတော့ဘူး ဆိုရင်ပေါ့။

ဒီအတွေးတွေကို ရပ်တန့်ပစ်ချင်လွန်းလို့ ဘယ်ဆီကမှန်းမသိ ကြားနေရတဲ့ ဥသြ၊ ဥသြ ဆိုတဲ့ အသံကို ကျွန်တော့်နားထဲ အတင်းထိုးထည့်နေမိတယ်။ နွေဟာ ဘယ်သူ့ကိုမှ အသိမပေး၊ ဘယ်အိမ်ကိုမှ တံခါးမခေါက်ဘဲ ရောက်နှင့်နေပြီလား။ ဒါမှမဟုတ် ကျွန်တော့်ရဲ့ သိမှုက အစစ်အမှန်ကမ္ဘာရဲ့ အပြင်ဘက်ကို ရောက်နေမိလို့များလား။ ကမ္ဘာမြေရဲ့ အလင်းဟာ ပြတင်းပေါက်မှာ တပ်ထားတဲ့ ခြင်လုံဆန်ခါကွက်ကဲ တစ်ဆင့် ဖြာကျလာနေသလို ပြတ်တောင်း ပြတ်တောင်းနဲ့၊ မှောင်နေသလား ဆိုလည်း မဟုတ်ဘူး။ ဒါဆို ရှေ့မြင်ကွင်းတွေ ရှင်းလင်းပြတ်သားရဲ့လား ဆိုလည်း ကျွန်တော့်ခေါင်းဟာ ဆန်ခါကွက် အလင်းမှုန်တွေကြားမှာ ဘယ်ညာ ခါယမ်းနေမိမှာပဲ။

တစ်ချိန်တည်းမှာပဲ ဥသြဆိုတဲ့အသံကို ကျွန်တော့်ခေါင်းကနေ ကယ်ပါလို့ ဘာသာပြန်လိုက်မိတယ်။ ဦးနှောက်ရဲ့ လုပ်ဆောင်ချက် သဘောတွေကို မိုးရွာခါနီးလို့ တဆစ်ဆစ် ကိုက်ချင်လာတဲ့ လက်ချောင်းတွေကို တဖြောင်းဖြောင်း မြည်အောင် ချိုးပစ်သလို အစိတ်စိတ် အမြွာမြွာ ဖျက်ဆီးပစ်လိုက်ချင်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK


နားစည်ကို ရိုက်ခတ်ပြီး ဝင်လာတဲ့ အသံလှိုင်းက ဥသြဆိုရင် ဥသြလို့ပဲ သိမှု မှတ်ဉာဏ်မှာ သွားဖော်ပေးနေရမယ်မလား။ ဥသြဆိုတာ ငှက်တစ်ကောင် ဖြစ်တယ်။ နွေရဲ့ တေးသံကို သူ့အသံလို့ မှတ်ယူကြတယ်၊ ဘယ်လောက်မှ မကြာတော့တဲ့ ကာလမှာ နွေပိတောက်တွေကို မျက်စိရှေ့မှာ သော်လည်းကောင်း၊ ဆိုရှယ်မီဒီယာမှာ သော်လည်းကောင်း လှိုင်လှိုင်မြင်တွေ့ရလိမ့်မယ်။ တစ်ချိန်တည်းမှာပဲ ခြောက်သယောင်းပြီး အရိုးငေါငေါ ပွင့်စည်ရှည်ရှည် ထွက်နေတဲ့ အပင်တွေကနေ လက်ကျန် ရွက်ခြောက်တွေဟာ ရိုးတံကို ကိုင်လှုပ်လို့ ပြုတ်ကျလာသလိုမျိုးကို မြေပေါ် ဆင်းလာကြဦးမယ်။ နွေဟာ အမှိုက်ပွတယ်၊ မီးဘေးအန္တရာယ်ကို သင့်စေတယ်၊ တိုက်တွေကို ပိုအထီးကျန်နေစေတယ်၊ ချွေးပေါက်တွေထဲကနေ ညစ်ပတ်ပေရေနေတဲ့ ချွေးစေးတွေကို အများကြီး ထွက်လာစေတယ်၊ နေမထိ ထိုင်မသာ ဖြစ်လောက်အောင် ပျင်းရိငြီးငွေ့စရာ ကောင်းလွန်းတဲ့ အချိန်အခါကို ဘယ်တုန်းကနဲ့မှ မတူအောင် ဖန်တီးပေးဦးမယ်။ ဒါဟာ ဒီအသက်အရွယ် ကာလအပိုင်းအခြားတွေမှာ ကျွန်တော် နားလည်လက်ခံမိလာတဲ့ နွေရဲ့သရုပ်သကန်စစ်စစ်ပဲ။

ပူတာယ်၊ အေးတယ် မပြောလိုပါဘူး။ ပူလို့ အေးလို့ နေသာလို့ မနေသာလို့ ဆိုတဲ့ အကြောင်းပြချက်တွေက ကျွန်တော့် စိတ်အတွင်းထဲကို သိပ်ပြီး တိုးမဝင်နိုင်တော့တာ အတော်ကြာခဲ့ပြီ။ ဘယ်လောက်ကြာပြီလဲ ဆိုတာကို မတွေးနိုင်လောက်တဲ့အထိ အတော်ကို ကြာခဲ့ပြီ။ ဒီစိတ်ကိုလည်း ကျွန်တော် စပြီး သတိထားမိခါစက ကြောက်အားလန့်အားကြီးပြီး လက်ခံလိုက်နိုင်တာ မဟုတ်ဘူး။ ဩော်... ဒီလို လေးလံထုံထိုင်းနေတဲ့ အရာတွေ ငါ့ခန္ဓာကိုယ် အတွင်းထဲမှာ ကိန်းအောင်းနေတာ ကာလတစ်ခု ရှိခဲ့ပြီပဲလို့ အေးအေးသက်သာ လက်ခံလိုက်နိုင်တာ။

အဲဒီရက်ကလည်း အခုလိုပဲ။ ဝရန်တာမှာ စာရေးကြည့်မယ်လို့ ကြံစည်နေတုန်း၊ ပေါ့ရွှတ်ရွှတ် ကော်ဖီတစ်ခွက်ကို အာမထိလျှာမထိ မျိုနေရတဲ့ အဖြစ်ကို ဖုံးကွယ်ပြီး အခုချိန်မှာ မျက်နှာချင်းဆိုင် တိုက်တွေကနေ ဖျတ်ခနဲ လှမ်းကြည့်လိုက်ရင်တော့ ဒီကော်ဖီဟာ စက်နဲ့ ချက်ကျလက်ကျ ဖျော်ထားသလို သောက်ကောင်းနေတယ်လို့ ထင်ရလောက်တဲ့အထိ ဟန်ကျပန်ကျကို သောက်နေခဲ့တာ။

အခုလို ပိတ်ရက် မနက်ခင်းပဲ။ အချိန်အားဖြင့်တော့ ကွာတယ် ထင်တယ်။ အဲဒီမနက်တုန်းက တော်တော်ကို စောတာ။ လမ်းထဲကို မနက်စာအတွက်

mgyoe.com

mgyoe.com SAMPLE BOOK


ဈေးသွားဖို့ ထွက်လာကြတဲ့ လူအုပ်ကြီး မရှိသေးဘူး။ လူအုပ်ကြီး ဆိုတာထက် မိန်းမအုပ်ကြီးလို့ ပြောရင် ပိုကောင်းမလား မသိဘူး။ ဈေးသွားတဲ့ ယောကျ်ားသား တွေ မရှိတာတော့ မဟုတ်ဘူး၊ ရှိပေမဲ့ နည်းတာ။ တစ်ခါတလေ စိတ်ပါရင်၊ ရေခဲ သေတ္တာထဲက ကြက်ဥ၊ ကြက်အူချောင်း၊ ဟင်းသီးဟင်းရွက် နည်းနည်း ကုန်ပြီ ဆိုရင်တော့ ကျွန်တော်လည်း မဖြစ်မနေ ဈေးကို သွားဝယ်ရပြီ။ ဈေးပေါင်ကျိုးတဲ့ အချိန်လို့ပြောကြတာလား။ အဲဒီလို နေ့လယ်ဘက်လောက်မှ သွားတာရယ်။ တော်ပါ ပြီ၊ ဈေးသွားတဲ့ လူအုပ်ကြီးလို့ပဲ ပြောလိုက်တော့မယ်။ ဘယ်စကားလုံးဖြစ်ဖြစ် အရေးအရာလုပ်ပြီး နားထောင်ပေးမယ့်သူလည်း မရှိဘဲနဲ့။ ခုနက စကားပဲ ဆက် တာပေါ့၊ ကျွန်တော်ဟာ ဘာအရသာမှ မရှိဘဲ အေးစပြုနေတဲ့ ကော်ဖီကို လှတပတ ဇွန်းသေးသေးလေးနဲ့ မွှေလိုက်၊ တစ်ငုံချင်း မှုတ်ပြီး သောက်လိုက်၊ ကျွန်တော့်ကို ကြည့်ပြီး ကော်ဖီသောက်ချင်စိတ် ပေါက်သွားမယ့် တစ်ယောက်တလေများ ရှိမလားလို့ ဘေးဘီဝဲယာကို မျက်လုံးပင့်ကြည့်လိုက်နဲ့ကို အချိန် အတော်ကြာ အောင် လုပ်နေခဲ့တာ။ တစ်ယောက်မှ မရှိတာကိုလည်း သိပ် စိတ်ပျက်လက်ပျက် ဖြစ်မနေပါဘူး။ တစ်ယောက်ယောက် ရှိသွားရင်လည်း ကျွန်တော်က ဒါကို ဘယ့်နှယ့်လုပ် သိနိုင်မှာလဲ။ အဲဒီအချိန်မှာ လေးလံ ထိုင်းမှိုင်းမှုကြီးက ကျွန်တော့် စိတ်မှာ အပြည့်ဖြစ်နေတာကို သတိထားမိလိုက်တာပဲ။

ကျွန်တော့်ဆီမယ် ချစ်ရတဲ့ မိန်းမတစ်ယောက် မရှိတာ နှစ်ကို အတော် ကြာခဲ့ပြီ။ မိသားစု မရှိတော့တဲ့ ခုနစ်တွေကိုလည်း ကျွန်တော် မရေတွက်ဖြစ် တော့ဘူး။ နာကျင်ရလို့ ပင်ပန်းရလို့ ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ မဟုတ်ဘဲ ဒီအတိုင်းကို စိတ်ထဲကနေ ဖျောက်ပစ်လိုက်မိတဲ့ အချိန်ကာလ အပိုင်းအခြား တစ်ခုပဲ။ ဒီလိုဆိုမှ အခု ပြန်တွေးမိပြီး ဘဝမှာ ကျွန်တော် ချစ်ဖူးတဲ့ မိန်းမ တစ်ယောက် ရှိခဲ့ဖူးတာကို ပြန်သတိရမိတယ်။ သတိရတယ် ဆိုတာဟာ စိတ် ခံစားချက်ကို သရုပ်ဖော်တာ မဟုတ်ဘဲ ဒီအတိုင်း ဖျတ်ခနဲ ခေါင်းထဲ ပေါ်လာတဲ့ အရာအဖြစ်ကိုပဲ ဆိုလိုချင်တာပါ။ နောက်ပြီး ချစ်ဖူးတယ်လို့ ပြောတာလည်း မှန်ရဲ့လားတောင် ကျွန်တော့်ကိုယ် ကျွန်တော် မသိပါဘူး။ စိတ်ထဲ နှစ်အကြာကြီး ထည့်ထားခဲ့ဖူးတဲ့ မိန်းမလို့ ပြောရင် ပိုတိကျမှာ။

ဟုတ်တယ်။ စိတ်ထဲ နှစ်အကြာကြီး ထည့်ထားခဲ့ဖူးတဲ့ မိန်းမပဲ။

ကျွန်တော် ပြောရမှာတော့ ရှက်ပါတယ်။ လူတစ်ယောက်အနေနဲ့

mgyoe.com

နောက်ထပ် လူတစ်ယောက်အပေါ်ကို မလုပ်သင့်တာ၊ မကြံသင့်တာ၊ မတွေးသင့်တာတွေကို လုပ်ခဲ့မိတယ်။ အဲဒီလူကလည်း တခြားမဟုတ်ဘဲ ကျွန်တော့်ရဲ့ ညီအရင်းခေါက်ခေါက် ဖြစ်နေပြန်သေးတယ်။ အဲဒီမိန်းမရဲ့ အငယ်ကောင်ဆီ ကြည့်တဲ့ အကြည့်တွေလိုမျိုး ကျွန်တော့်ဘဝမှာ တစ်ခါမှ မရဖူးဘူး။ နောက်ပြီး သူက အငယ်ကောင်ကို ချစ်တယ် ထင်တယ်။ ထင်တယ်လို့ ပြောရတာလည်း အကြောင်းတော့ ရှိတယ်။ အဲဒါ နောက်မှ ပြောကြတာပေါ့။ အခုပြောလက်စ ဟာလေးကို ခေါင်းက ပြန်မေ့သွားမှာ စိုးလို့။ အဲဒီမိန်းမရဲ့ ကြည်လဲ့ရွှန်းစိုနေတဲ့ အကြည့်ပြာပြာတွေကို ကျွန်တော် ငမ်းငမ်းတက်ကို ရချင်ခဲ့မိတယ်။ တခြားသူ တစ်ယောက်ယောက်ဆီက ရရင်ကော ဖြစ်လား၊ အဲဒီမိန်းမမှလား ဆိုရင်တော့ ကျွန်တော့်မှာ အဖြေမရှိလောက်ဘူး။ တခြားမိန်းမတစ်ယောက်ရဲ့ ဒါမျိုး မျက်ဝန်းနက်ကြီးတွေကို ကျွန်တော်မှ မတွေ့ဖူးတာ။ မျက်စိရှေ့မှာ သေသေသပ်သပ် ထိုင်နေတဲ့ အမျိုးသမီးဟာ မထိတာကြာလို့ ဖုန်တက်နေတဲ့ ဂစ်တာကို နေ့တိုင်း အားတက်သရော တီးလာခဲ့သလိုပုံစံ ဖမ်းနေတဲ့ အငယ်ကောင်ကို ရွှန်းရွှန်းစားစား ကြည့်နေခဲ့တယ်။

အဲဒီရက်ရဲ့ ကောင်းကင်ဟာ လိမ္မော်သွေးရောင်တွေ ဖြာစင်းနေခဲ့တာ။ တိမ်တွေဟာ ခြံထဲက သစ်ရွက်တွေကို လှည်းတဲ့ တံမြက်စည်းကြမ်းကြီးနဲ့ ခပ်သော့သော့ ခြစ်ချထားသလိုမျိုးပဲ။ လိမ္မော်ရောင်အလင်းတွေဟာ အဲဒီတိမ်ပါးပါး အလွှာတွေကို ဖောက်ပြီး မြေကမ္ဘာပေါ်ကို လင်းကျနေတယ်။ ဒီမိန်းမ ဝတ်ထားတာက ကြက်ပေါက်ဝါလို အဝါရောင်။ အသားအရေဟာ ရွှေညိုရောင်လို့ ပြောရမလား၊ အဝါမကျ၊ အညိုမကျ အသားရောင်မျိုး။ နာမည်ကလည်း ညို့ တဲ့။ ညို့တစ်လုံးတည်းတော့ ဟုတ်ပုံ မပေါ်ဘူး။ ဒါက အငယ်ကောင် အဖျားဆွတ်ပြီး ခေါ်တဲ့ နာမည်အတိုကောက်ကလေးပဲ ဖြစ်ရမယ်။ အိမ်ထဲကို ညို့ ဝင်လာတုန်းကဆို ခြေတစ်လှမ်းချင်းစီတိုင်းက မြေပြင်နဲ့မှ ထိရဲ့လား၊ အနည်းဆုံးတော့ တစ်လက်မစာလောက် ကွာနေမလားလို့ ကျွန်တော့်မှာ ထင်ယောင်ထင်မှား ဖြစ်မိရတဲ့ အထိပါပဲ။ ဖဝါးအောက်က မြေဟာ အိကျမလာသလို သားရေဖိနပ်အရာလည်း မထင်သွားဘူး။ ဆံပင်ကို စိမ်းညို့ရောင်လိုမျိုးလည်း ဆိုးထားသေးတယ်။ ဘယ်လို ပြောရမလဲ၊ သစ်ရွက်တွေ မဝါခင် ဖြစ်တဲ့ အရောင်လိုမျိုးပဲ။ ပခုံးကျော်ကျော်ထိ ရှိတဲ့ ဆံပင်ကို ခေါင်းစည်းကြိုး အပြာရောင်နဲ့ စည်းထားတယ်။ ဝတ်ထားတာက

mgyoe.com

mgyoe.com

အဝါရောင်ကို ဘာလို့ အပြာရောင် စည်းကြိုးကြီးနဲ့လဲလို့ ကျွန်တော် မေးလိုက်ချင်ပေမဲ့ ဘာဆိုင်လို့ မေးရမှာလဲလို့ ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်ပြီး ပြန်ငြိမ်နေရတယ်။ အမေနဲ့ အဖေကတော့ ပြုံးပြုံး နှုတ်ဆက်ပြီး လူငယ်တွေ နေပါစေလေ ဆိုတဲ့ စိတ်နဲ့ အိမ်ထဲ ဝင်ရှောင်ပေးလိုက်ကြတယ်။ အိမ်အပြင်ဘက်မှာ ကျွန်တော်ရယ်၊ အငယ်ကောင်ရယ်၊ အဲဒီမိန်းမရယ်၊ ဂစ်တာတစ်လက်ရယ်၊ ကောင်းကင်ကနေ အိမ်ဆီ တားမရဆီးမရ တိုးဝင်နေတဲ့ အလင်းတွေရယ်ပဲ ကျန်ခဲ့တော့တယ်။

"ဂစ်တာအသံက သိပ်သာတာပဲ"

ဒီစကားရဲ့ အဆုံးမှာ ကျွန်တော့် တစ်ကိုယ်လုံး လေပေါ် မြောက်တက်သွားသလို ခံစားလိုက်ရတယ်။ ဂစ်တာတီးတဲ့ အသံကို ပြောတာ မဟုတ်ဘဲနဲ့ ဂစ်တာအသံကို ပြောလိုက်တာမလား။ ဒီကြိုးတွေ ညှိဖို့ ကျွန်တော် ဘယ်လောက်တောင် ကြိုးစားထားရလဲ။ လက်က အသားမာတွေကို ညို မြင်အောင် တမင်ဖြန့်ပြချင်လိုက်တာ။ ဒါပေမဲ့ ဒီစိတ်ဟာလည်း သူ့ရဲ့ ချီးကျူးလိုက်တဲ့ အသံနဲ့အတူ ရပ်သွားတဲ့ ဂစ်တာသံအောက်မှာ ပြန်ကျပျောက်သွားရတယ်။

"အစ်ကိုကော ဂစ်တာတီးတတ်လား"

"တစ်ခါတလေမှပါ"

"ထင်တော့ ထင်သား။ လက်မှာ အသားမာတက်နေတာတွေ တွေ့လို့လေ"

တကယ့်လက်တွေ့မှာ တံမြက်စည်းကြမ်းနဲ့ ခြစ်ချခံလိုက်ရတာက တိမ်တွေ မဟုတ်ဘဲ ကျွန်တော့်စိတ်တွေ ဖြစ်နေခဲ့ပါတယ်။ ဝင်းလက်နေတဲ့ အကြည့်တွေရဲ့ အရှိန်အဟုန်တွေက ကျွန်တော်နဲ့ စကားပြောတဲ့ အချိန်မှာ သိသိသာသာ လျော့ကျလာတာကိုလည်း ကျွန်တော် ခံစားအသိနဲ့ သိခဲ့ပါတယ်။

"ကို ရချင်တယ်ဆိုလို့ ကိုကြီးက ဝယ်ပေးထားတာ ညီရဲ့"

အငယ်ကောင်ရဲ့ စကားအဆုံးမှာ ပေါ်လာမယ့် အသံတစ်ခုကို စာမေးပွဲရလဒ် စောင့်နေရသလိုမျိုး ရင်တုန်ပန်းတုန်နဲ့ ကျွန်တော့်မှာ မျှော်နေမိတယ်။ တကယ်ဆို ကျွန်တော် အဖေနဲ့ အမေလိုမျိုး ရှောင်ထွက်ပေးသင့်နေပြီ။ လှုပ်မရတဲ့ ခြေထောက်တွေဟာ ကျိုးခါနီးလို့ နှစ်ထပ်ပူးထားတဲ့ ခွေးခြေခုံ နှစ်ခုက ခြေထောက်တွေလိုပဲ၊ ခွာမရ ပြုမရနဲ့။ နင်းထားတဲ့ မြေက တဖြည်းဖြည်းနဲ့ နစ်ဝင်သွားပြီး ကျွန်တော့်တစ်ကိုယ်လုံးကို ဝါးမျိုသွားရင် ကောင်းမယ်။ အငယ်ကောင်နဲ့ ဘယ်လို

mgyoe.com

SAMPLE BOOK

ဆက်ဆံရေးအခြေအနေထိ ရောက်နေပါပြီ ဆိုတာကို အိမ်ထဲ ဝင်လာကတည်းက ဘယ်သူမှ စကားမဟပေမဲ့ ကျွန်တော်တို့ကပဲ ကြည့်ကျက်ပြီး နားလည်ထားခဲ့တာပါ။ ဒီကောင် ဒီလိုခေါ်လာတဲ့ မိန်းကလေးဆိုတာ ရှိမှ မရှိဖူးခဲ့တာပဲ။

ညနေကို တော်တော်စောင်းတော့ ညိုက အိမ်ပြန်ဖို့ ပြင်တယ်။ ဒီတော့မှ ကျွန်တော်တို့ မြို့ထဲကပဲ ဆိုတာကို သိတာ။ အမေက ငယ်ငယ်ကတည်းက ပတ်ဝန်းကျင်ကို နည်းနည်းပါးပါး လေ့လာစူးစမ်းပါ အကြိုးကောင်းရယ်လို့ ပြောတတ်ပေမဲ့ ကျွန်တော်က နေသာသလို နေလိုက်တာပဲ။ လူတစ်ယောက် အခြေခံလိုအပ်လေ့ ရှိတဲ့ အရာတွေပဲ ကျွန်တော့်ဆီမှာ များနေတတ်ပြီး တစ်ခုခုကိုတော့ ရချင်လှချည့်ရဲ့ ဆိုတာတွေ နည်းတယ်။ ဒီလို အမြဲဖြစ်ခဲ့လို့ အခုနေခါ အတော်နေမထိ ထိုင်မသာ ဖြစ်နေရတာလားလို့တောင် တွေးမိလိုက်သေးတယ်။ ဒါမှမဟုတ် အငယ်ကောင်ကို မနာလိုဖြစ်နေခဲ့တာလား။

အမြဲလိုလို အသစ်အဆန်းတွေကို စမ်းသပ်ဖို့ အဖော်စပ်မရတဲ့ အစ်ကိုဖြစ်သူက ဒီနေရာကျမှ ရချင် လိုချင်စိတ်တွေ ရှိနေရတယ် ဆိုတာကိုသာ သိရင် ဘယ်လို ဖြစ်သွားမလဲ။ ကျွန်တော့်ကိုကော ဘာတွေ ပြောလာနိုင်လဲ။ ဘယ်တုန်းကမှ ဘာကိုမှ လိုလိုချင်ချင် မရှိခဲ့ဖူးသူမို့ ဒီတစ်ခုကို အသာတကြည် အလျှော့ပေးလိုက်မလား။ နေဦး… နေဦး။ အတွေးတွေ ဒီလောက်ကြီးထိ ချော်လို့ မဖြစ်ဘူး။ ဒီလိုမျိုးအထိ လိုက်လျှောရအောင် ကျွန်တော်က ဘာမို့လို့လဲ။ ဒီလို တွေးလိုက်တယ်ဆိုတာနဲ့တင် မရယူသင့်တဲ့ အရာကို ရယူချင်တဲ့ မတော်လောဘတွေအပြင် သူတို့နှစ်ဦးကြားက ချစ်ခြင်းမေတ္တာ၊ အထူးသဖြင့် အငယ်ကောင် အတည်တကျရှိနေခဲ့တဲ့ စိတ်တွေကို စော်ကားမိသလိုပါ ဖြစ်သွားတာပဲ။ ကျွန်တော် သိပ်ရှက်တယ်။ အခုနေခါ ပြန်တွေးတာတောင် ဘေးနားမှာ မရှိတဲ့ အငယ်ကောင်ကို မျက်နှာမပြဝံ့ဘူး။

ကျွန်တော် ဒီစိတ်တွေကို အဆုံးအထိ ဝှက်ထားခဲ့ပါတယ်။ သိမ်းရင်းထုပ်ရင်းနဲ့ နောက်တော့လည်း အမေ အသိမ်းလွန်ပြီး ဘယ်ချောင် ထိုးမိမှန်းမသိတဲ့ အကျီတွယ်ချိတ်လေးတွေလိုမျိုး ပျောက်သွားရတာပါပဲ။ ပြန်ရှာဖို့ စိတ်ကူးမရှိနေရင်းနဲ့ အသစ်အသစ်သော လိုချင်တပ်မက်မှုတွေကိုပါ ဖိနှိပ်သလို ဖြစ်သွားခဲ့ရလားတော့ မသိပါဘူး။ နောက်ထပ် မိန်းမတစ်ယောက်၊ ဒါမှမဟုတ် ယောကျ်ားတစ်ယောက်ကို စိတ်ဝင်စားပြီး ပိုင်ဆိုင်ချင်ခဲ့တာမျိုး တစ်ခါမှ မရှိတော့ဘူး။

mgyoe.com

 mgyoe.com SAMPLE BOOK 

ဘဝဟာ ဒီလိုတူညီတဲ့ ရက်တွေကို ဖြတ်သန်းနေနိုင်ရင်ကို ရပြီလို့ အမြဲလိုလို မှတ်ထားခဲ့တယ်။ ဒါပေမဲ့ ဒါက ကျွန်တော့် တစ်ကိုယ်စာ ကြိုးစားအားထုတ်မှု တွေပဲ ဖြစ်ပြီး ကျွန်တော် တတ်နိုင်တဲ့ ဘောင်အပြင်ဘက်က အထိန်းအကွပ်မဲ့မှု တွေကိုတော့ ကျွန်တော် ဘယ်လိုလိုက်ပြီး ဆုပ်ကိုင်ရမလဲ မသိခဲ့ဘူး။ အရာ အားလုံးကို အစကနေ ပြန်ပြန်စဖို့ ကြိုးစားရတတ်တယ်။ ပြန်စ,တိုင်းလည်း စိတ် နှလုံး ချုံးချုံးကျအောင် ပင်ပန်းရတာချည်းပဲ။

အဖေ အရင်ထွက်သွားတယ်။ ပြီးတော့ ညီလေးရယ်၊ အမေရယ်က တစ်လှည့်စီ ထွက်သွားတယ်။ ယိုင်နဲ့နဲ့အိမ်က တိုင်အိုကြီးလို ကျွန်တော် ကျန်နေခဲ့ ရတာ အမြဲပဲ။ လှုပ်ရှားဖို့ရာလည်း မစွမ်းသာဘူး။ မထူမတ်နိုင်တော့တဲ့ အခြေ အနေကိုလည်း မလွန်ဆန်နိုင်ဘူး။ အဖေ ထွက်သွားတဲ့ ပုံရိပ်က မျက်လုံးထဲ ကွက်ကွက်ကွင်းကွင်း ပေါ်လာပြန်တယ်။ ကျုံ့ကျုံ့ပါအောင် ငိုရှာတဲ့ အမေ့ကို ကျွန်တော် မနှစ်သိမ့်နိုင်ဘူး။ ညီလေးကပဲ တစ်နေကုန် တစ်ညလုံး ဖက်ထားပေး ရတယ်။ တစ်စက်ကလေးမှ မနားရရှာဘူး။ ကျွန်တော် ပြန်တွေးကြည့်မိတိုင်း အမေနဲ့ ညီလေးကို သနားပြီး ကိုယ့်ကိုယ်ကိုယ်လည်း တာဝန်မကျေတဲ့ သားကြီး လိုမျိုး ခံစားရတယ်။ အတူတူ ဆုံးရှုံးခဲ့ရပေမဲ့ ကျွန်တော် တစ်ယောက်တည်းက လိုတာထက်ပိုပြီး ပြိုလဲပြနေသလိုပဲ၊ တွေးမိတိုင်း ရှက်ရတဲ့ အရာတစ်ခု ကျွန်တော့် စိတ်အနည်မှာ ထပ်ထိုင်သွားခဲ့ရတယ်။

သင်္ဂြိုဟ်ခါနီးတော့ အဖေ့ရဲ့ ခြေဖျားကို ပါးမှာ ကပ်ထားမိခဲ့တယ်။ အဖေ့ ခြေအစုံဟာ အေးစက်နေတဲ့ ဖော့တုံး တောင့်တောင့်ကြီးလိုပဲ။ တွန့်နေတဲ့ အသားအရေတွေက ကျွန်တော့်ပါးမှာ ခပ်ကြမ်းကြမ်း ဖြစ်သွားတယ်။ အဖေ့ ခြေသည်းတွေ ရှည်နေတာကိုတောင် ကျွန်တော် သတိမထားမိလိုက်နိုင်ခဲ့ဘူး။ ပုံမှန်ဆို ဝလွန်းလို့ မကုန်းနိုင်တဲ့ အဖေ့ကို ကျွန်တော်က ခြေသည်း ညှပ်ပေးနေကျ။ အခုကျတော့ ဘာအလုပ်တွေ များလို့ သတိမထားမိလိုက်ရတာလဲ ဆိုပြီး ကိုယ့် ကိုယ်ကိုယ် အပြစ်တင်နေမိပြန်တယ်။ ဒီကနေမှ ပိုးဝင်ပြီး ရုတ်တရက်ချက်ချင်း ဆုံးသွားရတာလားလို့တောင် တွေးချင်ချင်ရယ်။ သေဆုံးကြောင်း ပြောပြပေးတဲ့ ဆရာဝန်က ရုတ်တရက် သွေးဆောင့်တိုးပြီး ဦးနှောက် သွေးကြောပေါက်တာလို့ ပြောမှ ကျွန်တော်ဟာ လေးလံလွန်းနေတဲ့ စိတ်ထဲကနေ အတွေးခပ်နုံနုံတစ်ခုကို ထုတ်လိုက်နိုင်တော့တယ်။ အဲဒီတုန်းက ခြေဖဝါးကို ပါးမှာ ကပ်ထားရင်း အဖေ့

mgyoe.com

mgyoe.com SAMPLE BOOK

မျက်နှာကို မြင်ရသလောက် လှမ်းငေးကြည့်ဖြစ်တယ်။ ဝဝဖိုင့်ဖိုင့်နဲ့ အဖေ့ ဗိုက်ကြီးကြောင့် မျက်နှာက ကွယ်နေပြီး မမြင်ရဘူး။ အဖေ့ရဲ့ တစ်ဖက်တစ်ချက်မှာ လက်ကိုကိုင်ပြီး ငိုနေတဲ့ အမေနဲ့ ညီလေးကိုပဲ တွေ့လိုက်ရတယ်။ အဲဒီအချိန် ညီလေးမျက်နှာပေါ်က ပုံရိပ်ကို ကျွန်တော် ကောင်းကောင်း ဖမ်းလိုက်နိုင်တယ်။ တစ်ခုခုကို ပြင်ဆင်လိုက်တော့မယ့် အငွေ့အသက်တွေ၊ စိတ်ပိုင်းဖြတ်လိုက်ဖို့ရာ လုံလောက်တဲ့ စိတ်စွမ်းအင်ကို ဆုပ်ကိုင်လိုက်နိုင်ပုံတွေ၊ နောက်ပြီး တစ်ချိန်တည်းမှာပဲ ကျွန်တော့်ပခုံးပေါ်က လေးလံလာမှုတွေ။ သူနဲ့ မျက်နှာချင်းဆိုင်မှာ တရှုပ်ရှုပ် ငိုနေတဲ့ အမေ့ကို လှမ်းကြည့်တယ်။ ပြီးတော့ ကျွန်တော့်ဆီ ဒီအကြည့်တွေ ရောက်လာတယ်။ ကျွန်တော် ခေါင်းညိတ်ပြလိုက်မိတယ်။ အဲဒီအချိန် သူ ပြုံးနေသလား၊ ငိုနေသလား ဆိုတာကိုတော့ တောင်ကျရေတွေလို ဒလဟော သွန်ကျနေတဲ့ မျက်ရည်တွေကြောင့် ကျွန်တော် သဲသဲကွဲကွဲ မသိခဲ့ရပါဘူး။

အတွေးတွေအားလုံးက ကျွန်တော့်မျက်ရည်ဆီမှာ လမ်းဆုံးသွားရတယ်။ ကျွန်တော်ဟာ ဝမ်းသာ ဝမ်းနည်းပါပဲ။ အနည်းဆုံးတော့ ဒီလို စိတ်ခံစားချက်တွေ နည်းနည်းလောက်ဖြစ်ဖြစ် ကျန်နေသေးတာ ဝမ်းသာစရာကောင်းတယ်မလား။

"အကြီးကောင်ကြီး၊ ငါ့သားကြီး ပင်ပန်းနေပြီလား"

ဒီအသံကို ဘေးကပ်ရက်ကနေ ကြားလိုက်ရသလို ခံစားလိုက်ရတယ်။ ဖြစ်နိုင်ရင် အဖေ ဆုံးတုန်းက အငယ်ကောင် အမေ့ကို နွေးထွေးပေးခဲ့သလိုမျိုး၊ ဖက်ထားပြီး နှစ်သိမ့်ခဲ့သလိုမျိုး ဘဝမှာ တစ်ခါလောက်တော့ လုပ်ဖူးလိုက်ချင်ပါတယ်။ ဟောဒီ ချည်တိုင်လိုကောင်က အမေနဲ့ အဖေအပေါ်မှာ တာဝန်ဝတ္တရားကြီး တစ်ခုလို၊ ဝန်ထုပ်ဝန်ပိုးကြီး ထမ်းနေရသလို တစ်လျှောက်လုံး နေထိုင်လုပ်ကိုင်ပေးနေခဲ့တာ မဟုတ်တဲ့ အကြောင်းကို အရိပ်အမြွက်လေးဖြစ်ဖြစ် ပြပေးချင်ခဲ့ပါတယ်။

ကျွန်တော့်အဖြစ်ကြီးက ဘယ်က ဘယ်လို စပြီး မှားယွင်းခဲ့တာလဲ မသိတော့ပါဘူး။

အကောင်းဆုံး နွေးထွေးပေးလိုက်ရင် ခွဲခွာရတဲ့အခါ နောင်တကင်းသတဲ့။ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကိုယ် တစ်ဘဝလုံးစာ တာဝန်ကျေတာထက်ကို ပိုခဲ့တယ်လို့ ထင်ခဲ့ တွေးခဲ့မိတာတွေက တကယ့်တကယ်တမ်း လက်တွေ့မှာ

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျတော့ မှားယွင်းနေပြန်တယ်။ တစ်ချိန်တည်းမှာပဲ အဲဒီတုန်းက တစ်နေ့တာဟာ ဘယ်လိုမျိုးလဲလို့ ဆက်တွေးနေမိတယ်။ တကယ်ဆို ကျွန်တော် မတွေးချင်ဘူး။ ပြန်မြင်လာမယ့် ပုံရိပ်တွေ၊ အဲဒီတုန်းက ရှိခဲ့တဲ့ စိတ်အတွေးတွေကို ကျွန်တော် ပြန်မမှတ်မိချင်ဘူး။ ဒါပေမဲ့ ဘယ်လိုလုပ်ကြမလဲ။ ကျွန်တော်ဟာ ဘာကိုမှ မထိန်းချုပ်နိုင်၊ ဘာကိုမှ မဖမ်းဆုပ်နိုင်ဘူး။ ဖြစ်ချင်ရာ ဖြစ်စေတော့၊ ဒီအတွေးတွေ ဆုံးချင်တဲ့ လမ်းမှာ ဆုံးချင်သလို ဆုံးစေတော့လို့သာ ပေးမလွှတ်လိုက်ဘူး ဆိုရင် ကျွန်တော် ဒီနေရာမှာတင် သွက်သွက်ခါအောင် ရူးသွားလောက်တယ်။ အရင်တုန်းကတော့ အရူးဆိုတာ လူမှန်းမသိ သူမှန်းမသိ ရူးနေမှ၊ မိမွေးတိုင်း ဖမွေးတိုင်း ပုံစံနဲ့ အရပ်တကာကို လှည့်သွားနေမှ၊ အိပ်ချင်တဲ့နေရာ ထိုးအိပ်၊ သူများ ပေးတာ ကမ်းတာလေး စားနဲ့ နေချင်သလို နေနေမှ အရူးလို့ ထင်ခဲ့တာ။ ထင်ရအောင်က လည်း အကြောင်းတွေ အများကြီး ရှိတာကိုး။

ကျွန်တော်တို့မြို့ရဲ့ ရပ်ကွက်တွေတိုင်းမှာ ရပ်ကျော်ရွာကျော် အရူးတွေ အများကြီး ရှိတယ်။ ဒီအရူးက ဒီရပ်ကွက်က၊ ဟိုအရူးက ဟိုရပ်ကွက်က ဆိုပြီး သူ့သူ့ကိုယ်ကိုယ် မှတ်ထားလိုက်ကြတာ ကလေးအစ ခွေးအဆုံးပဲ။ နာမည် ကိုယ်စီလည်း ရှိကြသေးတယ်။ နဂိုနာမည်လား၊ ရပ်ကွက်ကပဲ ပေးထားတာလား ဆိုတာတော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော်တို့ ရပ်ကွက်မှာရှိတဲ့ အရူး နာမည်က လှတိုးကြီး တဲ့။ အရင်က အသင့်အတင့် ချမ်းသာခဲ့တာလို့ အရပ်ထဲက လူတွေ သဲ့သဲ့ပြောတာလည်း ကြားဖူးလိုက်သေးတယ်။

ကျွန်တော့် တစ်နေ့တာကို မတွေးချင်သေးလို့ လှတိုးကြီးရဲ့ တစ်နေ့တာ ကို တွေးကြည့်လိုက်ဦးမယ်။

လှတိုးကြီးရဲ့ ပုံစံကို မြင်အောင်ပြောရရင် နက်မှောင်မှောင် ဆံပင် ကောက်ကောက်ကွေးကွေးဟာ ကျောလယ်ကောင်အထိ ဖွာလန်ကြဲကျနေတယ်။ ကျန်တာဆက်မပြောခင် ဒီဆံပင်အကြောင်းက ကျွန်တော့်ခေါင်းထဲ အတင်း တိုးဝင်လာပြန်တယ်။ အခုမှ စဉ်းစားမိတဲ့ဟာလို့ပဲ ပြောရမယ်။ ထွေထွေထူးထူး တော့ မဟုတ်ပါဘူး။ သူက ကျွန်တော် လူလိုသိတတ်စ အရွယ်ကတည်းက ဒီရုပ် ဒီကေ ဒီစတိုင်ပဲ။ ပါးမြိုင်းမွေးကလည်း အထူကြီး အရှည်ကြီး။ မျက်ခုံးမွေး နက် မှောင်မှောင်ကြီးက မျက်နှာမှာ အထင်းဆုံး။ နှာတံက အင်္ဂလိပ်နံပါတ် 7 ကို ခေါက်ထိုးထားထားတဲ့အတိုင်း ဖြောင့်စင်းနေတယ်။ နောက်ပြီး ကွမ်းစားရတာ

mgyoe.com

သိပ်ကြိုက်လို့ မည်းပေတူးနေတဲ့ သွားတွေရယ်၊ နူတ်ခမ်း ညိုမဲည်းမည်းတွေ ရယ်ကလည်း အထင်းသား။ လူကောင်းသူကောင်း ဘဝတုန်းကတော့ ဆေးလိပ်ကို ဖင်မီးခိုးထွက်အောင် သောက်တယ် ဆိုပဲ၊ မိန်းမလည်း အလွန်ပွေသတဲ့၊ ဒါပေသိ သားသမီးရယ်လို့ မထွန်းကားရှာဘူး။ နေဦး၊ သူ့မှာ သားသမီး ရှိ မရှိ ကျွန်တော် မသိဘူး။ ကျွန်တော် သိတဲ့အချိန်မှာ သူဟာ ရူးနှင့်နေပြီးသား၊ ရှိရှိသမျှ အရာအားလုံးကို ဆုံးရှုံးနှင့်နေပြီးသား၊ ဘေးနားမှာ ဘယ်သူမှမရှိတဲ့ အခြေအနေတစ်ခုမှာ ရှိနှင့်နေပြီးသားရယ်။ မညာပါဘူး။ ကျွန်တော် ဒါကို တွေးမိပြီး တော်တော် ချောက်ချား တုန်လှုပ်သွားရတာပါ။ ထုံထိုင်းနေတဲ့ စိတ်တွေလို့ နာမည်တပ်ထားတာ ဘယ်လောက်မှ မကြာသေးပေမဲ့ အခုနေခါ ချောက်ချား ကြောက်ရွံ့သွားတာကြီးကိုတော့ အသေအချာကြီးကို ဖမ်းဆုပ်လိုက်နိုင်မိတယ်။ ခံစားချက်တွေ ရှိနေသေးလို့ ဝမ်းသာရမလား၊ လှတိုးကြီးနဲ့ တစ်ပုံစံတည်းတူတဲ့ ကျွန်တော့် အဖြစ်အပျက်တွေကြောင့် ဝမ်းနည်းရမလားတောင် မသိတော့ပါဘူး။

စိတ်အခြေအနေဟာ အနုတ်လက္ခဏာကို တော်တော်ကြီး ပြနေခဲ့တာ ကြာပြီ။ ဘာကိုမှ မဖမ်းဆုပ်နိုင်ဘူး။ ဘာကိုမှ၊ ဘာဆို ဘာကိုမှ...။ ကျွန်တော်က လှတိုးကြီးများ ဖြစ်နေမလား။ မဟုတ်တာ။ တစ်ချက်တစ်ချက် လွတ်လွတ်သွားတဲ့ အသိနဲ့ သတိကို မနည်း ပြန်ပြန်ဆွဲထားရတယ်။ စိတ်ကို ထိန်းထားစမ်းပါ၊ ခုနက ဘာတွေးနေတာလဲ။ လှတိုးကြီး အကြောင်း၊ ဟုတ်တယ်။ သူ့ပုံပန်းသဏ္ဍာန် အကြောင်း ပြောနေတာ။ ထားလိုက်ပါတော့၊ သူ့ရဲ့ တစ်နေ့တာကို ဆက်ကြတာပေါ့။

ကျွန်တော်တို့လမ်းထဲမှာ ခြံဝင်းနဲ့အပြည့် ဆောက်ထားတဲ့ အိမ်ကြီး ရခိုင် တစ်ခု ရှိတယ်။ မြင်သာအောင်ပြောရရင် အိမ်ကြီးက မျက်နှာဖွင့်ကိုက ပေ ၃၀ နီးပါးလောက် ရှိမလားပဲ။ အရှည်ကတော့ ကျွန်တော် မခန့်မှန်းတတ်ဘူး။ လိုဏ်ဂူ အကြီးကြီးလိုပဲ၊ အဲဒီလောက်ကျယ်တဲ့ မြေနေရာကို ဘာကိစ္စ အရှေ့ခြံဝင်းလေး ထားပြီး မဆောက်ရတာလဲလို့ ကျွန်တော် ခဏတိုင်း ပြောမိခဲ့ဖူးတယ်။ 'သူ့အိမ် သူ့သဘောပေါ့ ကိုကြီးကလည်း' ဆိုပြီး အငယ်ကောင် ဝင်ဟန့်မှ ဒီစိတ်အတွေးကို အပြင်ထုတ် မပြောတော့တာ။

အဲဒီအိမ်ရဲ့ အရှေ့အမိုးအဖီလေးက တော်တော်ကြီးတဲ့ထဲမှာ ပါတယ်။ လှတိုးကြီးက ညဆို အဲဒီအိမ်ရှေ့မှာ ခွေခွေလေး အိပ်တာ။ ညစ်ပတ်ပေရေတာ

mgyoe.com

mgyoe.com

တွေ မရှိတော့ အိမ်ရှင်ကလည်း ဘာမှ မပြောရှာပါဘူး။ ဆောင်းတွင်းဆို စောင်တို့ ခေါင်းအုံးတို့တောင် ထုတ်ပေးကြသေးတယ်။ ဒါပေမဲ့ ရပ်ကွက်ထဲက ကလေးဆိုးလေးတွေက လှတိုးကြီးကို အနိုင့်ကျင့်ကျင့်ပြီး စောင်ကို သမ,သွားလိုက်၊ ခေါင်းအုံးကို သယ်သွားလိုက်နဲ့မို့ မနက်မိုးလင်းရင် ပုဆိုးကြီးခြုံပြီး ကွေးကွေးလေး အိပ်နေတဲ့ လှတိုးကြီးကိုပဲ တွေ့ရတတ်ပါတယ်။ အိမ်ရှင်က အိမ်တံခါးကို ဂျိန်းခနဲ ဖွင့်လိုက်ရင်တော့ လှတိုးကြီးက မျက်လုံးကို ပွတ်ပြီး၊ ပုဆိုးကို မကျွတ်ရုံတစ်မည် ဝတ်တတ်သလိုလေး ဝတ်ပြီး၊ အိမ်ရှင်ကို လက်ပြပြီး ကုန်းကုန်းကွကွလေး ထသွားတော့တာ။

လှတိုးကြီးအတွက် မနက်စာကိုတော့ လမ်းထဲက လက်ဖက်ရည်ဆိုင်က လက်ဖက်ရည် တစ်ထုပ်နဲ့ ပေါက်စီတစ်လုံး အမြဲပေးတယ်။ လက်ဖက်ရည်အထုပ်ကို လှတိုးကြီး ဘယ်လိုသောက်လဲ ဆိုတာ ကျွန်တော့်ညီ လိုက်ချောင်းဖူးတယ်။ 'ကိုကြီး လှတိုးကြီး လက်ဖက်ရည်သောက်တာ သွားချောင်းရအောင်' လို့တောင် ကျွန်တော့်ကို အဖော်ညှိလိုက်သေး။ ထုံးစံအတိုင်း ကျွန်တော်က မလိုက်သွားဘူး။ ပြန်လာမှ ပြောပြကွာ ဆိုပြီး စောင်ပုံထဲ ပြန်ကွေးနေလိုက်တော့တာ။ ပြန်လာတော့ အငယ်ကောင်က မပြောပြဘူးလေ။ သိချင် ဝယ်ဖတ်တဲ့။ ကျွန်တော်က အဲဒီလောက် သိချင်စိတ် မပြင်းပြနေပါဘူး။ နောက်နေ့ကျ သူ့ထုံးစံအတိုင်း သိသမျှ အကုန်ဖောက်သည်ချ၊ ရယ်လိုက်မောလိုက်နဲ့မို့ ကျွန်တော် အကုန်ပြန်ကြားရတာပါပဲ။ လှတိုးကြီးက ပေါက်စီတစ်လုံးလုံးကို ဘယ်လောက် လည်ချောင်းထဲ နင်နေပါစေ၊ အတင်းဝါးပြီး မျိုချ၊ ပြီးမှ လက်ဖက်ရည်ထုပ်ကို ဖြေပြီး ပါးစပ်ထဲ အကုန်လောင်းချသတဲ့။ ကျွန်တော် ထင်တာက ကြွပ်ကြွပ်အိတ်ထောင့်လေး တစ်ဖက်ကို အပေါက်လေး ဖောက်၊ ပေါက်စီလေး စားလိုက်၊ လက်ဖက်ရည်လေး ငုံလိုက် လုပ်သောက်တယ်ပေါ့။ အခုကျ အဲဒီလို အကုန်လောင်းထည့်တာ ကြားတော့ မျက်လုံးထဲ ပုံဖော်ကြည့်ရတာ သိပ်အဆင်မပြေဘူး ဖြစ်သွားတယ်။

လှတိုးကြီး မနက်စာစားပြီးရင် ရပ်ကွက်တစ်ပတ် လမ်းလျှောက်ချင်လျှောက်မယ်၊ လမ်းမှာ တွေ့တဲ့ လူကြီးတွေဆီကနေ 'ကွမ်း၊ ကွမ်း' လို့ ပြောပြီး တောင်းစားမယ်၊ တစ်ဖက်ကလူက ကွမ်းမစားလို့ ဒါမှမဟုတ် ကွမ်းထုပ် မပါလာလို့ လက်ကာပြလိုက်ရင် 'အိုခေ၊ အိုခေ' လို့ ပြောပြီး လမ်းလျှောက်မြဲ

mgyoe.com

m gyoe .com SAMPLE BOOK


လျှော့က်နေမယ်။ ဒါက သူ့အကျင့်ပဲ။ ကွမ်းယာဆိုလည်း တစ်ယာပဲ စားတယ်။ တစ်ထုပ်လုံး ပေးလိုက်ရင် လက်ခါပြပြီး သူ မသယ်နိုင်တဲ့ အကြောင်းကို လက်ဟန်ခြေဟန်နဲ့ လုပ်ပြသေးတယ်။ တကယ်လည်း သူ့လက်တစ်ဖက်က မအားဘူးရယ်။ ပုဆိုးခါးပုံစကို သယ်ထားရတာလေ။ ဒါပေမဲ့ လှတိုးကြီးက ကွမ်းတံတွေးတော့ ပြီးကပစ် မထွေးဘူး။ လမ်းလျှောက်နေရင်း လမ်းမပေါ် ပျစ်ခနဲ မထွေးဘူး၊ ပါးစပ်ထဲ ငုံထားတာ။ ရေမြောင်းတို့၊ ချုံပုတ်တို့ တွေ့မှ ငုံထားသမျှ အကုန်စုပြီး ထွေးတာ။

နောက်ပြီး လှတိုးကြီးရဲ့ လက်မှာ နာရီအရာကြီး ထင်းနေတာ ရှိတယ်။ တကယ်ဆို နာရီက ဖြုတ်ပြီး အဆစ်ပြောင်းတပ်လို့ ရတယ်။ သူက မသိရှာတော့ လက်က အသားစိုင်ကြီးက နာရီဘေးနှစ်ဖက်မှာ အတစ်လိုက်ကြီး ထွက်နေတာ။ သွေးတွေလည်း စို့၊ ထွက်နေတဲ့ အသားတစ်ကြီးက ယားကလည်း ယားနဲ့ သူ့ခမျာ အတော်နေမထိ ထိုင်မသာ ဖြစ်ရရှာတာ။ ရပ်ကွက်ထဲက လူတွေက ကွမ်းယာလေး ကျွေးပြီး နာရီကို ဖြုတ်တော့ အတင်းငြင်းပြန်တယ်။ သူ့အတွက် ဒီနာရီရဲ့ အဖိုးတန်မှုဟာ ဘယ်လောက်ထိ တာသွားတယ် ဆိုတာ ကျွန်တော်တို့မှ မသိနိုင်ဘဲ။ ဒီလိုတွေးပြန်တော့ လှတိုးကြီးမှာလည်း စိတ်ခံစားချက်တွေအားလုံး မချုပ်ငြိမ်း သေးပါလား၊ ဘယ်သူတွေ ဘယ်ဝါတွေ မရှိတော့ဘူး ဆိုတာကို သူ့မှာ ခံစားပြီး သိနေတာလေး ကျန်နေသေးပါလားလို့ တွေးပြီး စိတ်မကောင်းဖြစ်ကြရသေးတယ်။

"နာရီကို ပြန်ပေးမယ်နော်၊ အခုက အနာကြီးဖြစ်ပြီး သွေးတွေ ထွက်နေလို့ ခဏဖြုတ်ပေးမှာ" လို့ လက်ဟန်ခြေဟန်တွေပါ လုပ်ပြပြီး ပြောမှ ခွင့်ပြုတော့တာ။ လှတိုးကြီးဆီမှာ ဘာပစ္စည်းအပိုရှိရှိ သမ,သွားတတ်တဲ့ ကလေးဆိုးတွေက ဒီနာရီကိုတော့ ဖြုတ်ဖို့ ခိုးဖို့ လှည့်ပတ်ပြီး တောင်းဖို့ အခွင့်မသာဘူး ထင်ပါရဲ့။ အဲဒါနဲ့ နာရီကို အဆစ်ဖြုတ်၊ သွေးတွေ မထွက်တဲ့ နောက်တစ်ဖက်မှာ သေသေချာချာလေး ပတ်ပေးမှပဲ လှတိုးကြီး မျက်နှာက အပြုံးကို တွေ့လိုက်ရတော့တယ်။ ကျေနပ်အားရနေတဲ့ အပြုံး။ နောက်ဆုံးထွက်သက်ထိ သူ ယူသွားချင်တဲ့ ပစ္စည်းက တစ်လျှောက်လုံး သူနဲ့ တစ်ပါတည်း ရှိနေတော့မှာ၊ ဘယ်တစ်ဦး တစ်ယောက်ကမှ မယူသွားနိုင်ဘူး ဆိုတာကို သေချာလို့ စိတ်ချလက်ချ ပြုံးတဲ့ အပြုံးပဲ ဖြစ်မှာပါ။

m gyoe . com

mgyoe.com SAMPLE BOOK


လူတိုင်းမှာ အဲဒီလိုအရာ တစ်ခုတော့ ရှိကြတာချည်းပဲလား။ ဒီအရာဟာ ပစ္စည်းဖြစ်မှ ရမှာလား။ မမြဲတဲ့ အနိစ္စတရားတွေဟာ လူတွေရဲ့ စိတ်တံတိုင်းကို မကျော်ဖြတ်နိုင်ရိုးထုံးစံ ရှိလို့လား။ ဘာတွေက သိမ်းဆည်းရင် မြဲတတ်မလဲ ဆိုတာကိုပဲ ကျွန်တော်တို့က ကြည့်ကျက် ရွေးချယ်လိုက်ဖို့ လိုတာလား။ အဖြစ်အပျက် တစ်ခုကို ဆက်မတွေးဘဲ ခဏနားလိုက်တိုင်း မေးခွန်းတွေ အများကြီးက ဓားသွားတွေလိုမျိုး ဦးနှောက်အသားစိုင်ကို သွားသွားပြီး ပိုင်းဖြတ်နေတတ်တယ်။ အရင်ကကော ဒီလိုပဲလား ဆိုတဲ့ မေးခွန်းအတွက် အဖြေဆိုတာကို မပြောနဲ့။ ခုနက မေးခွန်းတွေ အများကြီး အတွက်ကိုတောင် ဒီဦးနှောက် အကန့်တွေထဲမှာ နေရာ မဆံ့တော့ဘူး။ ဖြတ်တောက်ဖို့ရာ မစွမ်းနိုင်တဲ့၊ ဝက်ပါလို စိတ်ခံစားချက်တွေကို ချိတ်ဆက်စကားလုံးတွေ အများကြီး၊ ခိုင်းနှိုင်းညွှန်းဆိုမှုတွေ အများကြီးနဲ့ ဖော်ပြထားတဲ့၊ တပိန်ပိန် တလိမ်လိမ်နဲ့ ခွေးနာတစ်ကောင်ရဲ့ ညည်းတွားသံလို အပြတ်ပြတ် အတောင်းတောင်း ဖြစ်နေတဲ့၊ ဖြစ်ပျက်နေမှုနဲ့ မသင့်တော် မလျော်ကန်တဲ့ စကားလုံးတွေကို နွားစာစဥ်းသလို တတောက်တောက် စဉ်းချထားတဲ့ စာပိုဒ်အရှည်ကြီး တစ်ခုလိုပါပဲ။ ကျွန်တော့်ခေါင်းဟာ ဘာပဲ ထိုးထည့်ထည့် ဆံ့နေတဲ့ နေရာပြင်ကျယ်ကြီး ဖြစ်နေတာလား။ ဒါမှမဟုတ် ဘာကိုမှ မဆံ့တော့တဲ့ သံသေတ္တာကြီးထဲကို တစ်ခုခုထပ်ထည့်လိုစိတ် ပြင်းပြလွန်းလို့ ရေတွေ လောင်းထည့်လိုက်ပြီး ရွှဲရွှဲစိုသွားတာမို့ ဘာတစ်ခုမှ သုံးစားမရတော့တာမျိုး ဖြစ်သွားတာလား။ လုံးဝပြင်လို့မရတော့ဘဲ အပြီးတိုင် ဇီဝိန်ချုပ်သွားတဲ့ စက်အပျက်ကြီးပဲ ဖြစ်လိုက်ချင်တော့တယ်။ တစ်ခါတလေ ဆက်ပြီး သုံးလို့ ရနိုင်ဦးမလား ဆိုတဲ့ တစ်ကိုယ်စာမျှော်လင့်ချက်နဲ့ ဖွတ်ချက်ဖွတ်ချက် ချောင်းထဆိုးသလို၊ ဆီးထသွားသလို၊ လမ်းထလျှောက်သလိုမျိုးတွေ မလုပ်နိုင်ချင်တော့ဘူး။

ချက်ချင်းဆိုသလို ကျွန်တော်ဟာ လှတိုးကြီးရဲ့ လက်က တစ်ထွက်နေတဲ့၊ သွေးစိုနေတဲ့ အသားစိုင်ခဲကြီး ဖြစ်သွားပြီး မျှော်လင့်ချက်တွေက ကျွန်တော့်ကို မသေသေအောင် ညှစ်နေတဲ့၊ စက်မလည်တော့တဲ့ နာရီတစ်လုံး ဖြစ်သွားတယ်။ သိပ်နာကျင်ဖို့ ကောင်းတာပဲ ဆိုတာကိုတောင် မသိနိုင်လောက်အောင် ဖက်တွယ်နေမိတဲ့ မျှော်လင့်ချက်တွေပဲလား။ ဒါမှမဟုတ် ပျင်းရိငြီးငွေ့ဖွယ် ကောင်းလွန်းလှတဲ့ စိတ်အခြေအနေကြီး တစ်ခုကို တစ်စုံတစ်ယောက်၊ ဒါမှမဟုတ် တစ်စုံတစ်ရာကတော့ ကယ်တင်ပေးနိုင် ကောင်းပါရဲ့လို့ တွေးထင်မိနေရုံ သက်သက်လား။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော်ဟာ ဒီကနေ့အဖို့ ဘယ်နှကြိမ်မြောက်မှန်း မသိတဲ့ ဝေခွဲမရမှုတွေကို ခံစားလိုက်ရပြန်တယ်။ ကိုယ်တိုင်က စ,ပြီး သေချာရင် ကျွန်တော့်အဖို့ အရာအားလုံးကို မဟုတ်တောင် အနည်းအကျဉ်းလောက်၊ ကိုယ့်အတွက် မဖြစ်မနေ လိုအပ်မယ့် အနည်းအကျဉ်းလောက်ကိုတော့ ကျမပျောက်အောင် ကျွန်တော် ထိန်းသိမ်းနိုင်လောက်ပါတယ်နော်။ အရှေ့မျက်တောင် တစ်စင်တီမီတာစာလောက်လေးကိုတောင် မမြင်ရတော့တဲ့အထိ ပိန်းပိတ်အောင် မည်းမှောင်နေတဲ့ မသေချာမရေရာမှုကြီးက ကျွန်တော့်ကို ကြီးစိုးသွားရင် ဘယ်လိုလုပ်ရတော့မလဲ။ ဒီအတိုင်းတောင် မှိန်ခိုတည့်မတ်စရာ ရိုးတံမရှိတဲ့ မလှမပပန်းပွင့်တစ်ပွင့် ဖြစ်နှင့်နေရပြီ။ မဟုတ်ဘူး၊ ကျွန်တော်က ပန်းပွင့် မဟုတ်ဘူး။ အသွေးအမွေး၊ လှပမှုနဲ့ လောက်လောက်ငှားငှား ပွင့်အန်ချပစ်လိုက်ဖို့ လုံလောက်တဲ့ ခွန်အားတွေ ကျွန်တော့်ဆီမှာ မရှိဘူး။ ကျွန်တော်ဟာ ပန်းတစ်ပွင့် မှိန်ခိုချင်စရာမကောင်းတဲ့ ခပ်ယိုင်ယိုင် ရိုးတံတစ်ခုပဲ။ မအောင်မြင်တဲ့ လူသားတစ်ယောက်ရဲ့ ဖြစ်တည်မှုကို ဘယ်သူမှ မမြင်အောင် ဖျောက်ထားချင်စိတ် ဇောကြီးပြီး ပျော့နွဲ့နွဲ့ရိုးတံတစ်ခု ဖြစ်လာရတဲ့ သူပဲ။ ဖူးဖို့ ပြင်လိုက်တော့မယ့် ပန်းပွင့်တိုင်းဟာ ကျွန်တော့်အရိုးတံပေါ် ခြေဖျားထောက်လိုက်ရုံနဲ့တင် ချက်ချင်း မြေပြင်ကို လှမ်းမိတ်ဆက်လိုက်ရသလို ခံစားရလွန်းလို့ မယုံရဲကြတာဟာလည်း သူတို့ အပြစ်ရယ်တော့ မဟုတ်ပါဘူး။

- ကျွန်တော့်အဖို့ ကမ္ဘာလောကကြီးထဲက ရှိရှိသမျှ အပြစ်တွေကို ခံယူလိုက်ဖို့ဆို အမေနဲ့ အဖေတို့ကို ဝန်ထုပ်ဝန်ပိုးလို ခံစားစေခဲ့တာနဲ့တင် ထိုက်တန်နေရပြီ မဟုတ်ဘူးလား။ စောစောထွက်သွားတော့ ဝေဒနာတွေ အများကြီး မခံစားရတာပေါ့လေ ဆိုတဲ့ ဖြေတွေးတွေက အမေ့အတွက် မဟုတ်ဘဲ ကိုယ့်အတွက်ကိုယ် ဖြစ်နေခဲ့တယ် ဆိုတာကို ကျွန်တော်ဆိုတဲ့ ကောင်က အသိဆုံးပဲလေ။ နာကျင်မှုဟာ ဘယ်လိုဘယ်ပုံပါလို့ အမေ့ခမျာ သေတဲ့အထိ ညည်းမသွားရှာဘူး။ ညည်းဖို့ရာလည်း ကျွန်တော့်မျက်နှာ ကြည့်ပြီး အားနာတယ် ထင်ပါတယ်။ အကြီးကောင်ကြီး ပင်ပန်းနေပြီလား ဆိုတဲ့ စကားအခွန်းရေဟာ တစ်နေ့ထက်တစ်နေ့ ပိုပိုစိပ်လာတယ်။ ဒါဟာ အမေ့ရဲ့ ဝေဒနာညည်းတွားသံပါလား ဆိုတာကို အချိန်ကာလတစ်ခု ကြာပြီးမှ ရိပ်စားမိတဲ့ အမေ့ သားအကြီးဟာ ဘယ်နေရာမှာ သွားပြီး အပြစ်တွေ ဖြေရမလဲ မသိတော့ပါဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK


အဲဒီအချိန် သစ်ကိုင်းဖျားပေါ်က ရှဉ့်က ကျွန်တော့်ပေါင်ပေါ် ခုံတက်လာတယ်။ အသိနဲ့သတိက လက်ရှိကာလနဲ့ ကင်းကွာနေတော့ ကျွန်တော့်အဖို့ ခေါင်းပေါ်ကို ကောင်းကင်ကြီးတစ်ခုလုံး ပြိုကျလာရသလို ဆတ်ခနဲ တုန်တက်သွားရတယ်။ နေလုံးဟာ တိုက်တွေရဲ့ အစွန်မှာ တွဲလဲခိုနေတုန်း၊ မျက်ဆန်နက်ကြီးနဲ့ ရှဉ့်လေးဟာ ကျွန်တော့်ကို ငေးကြည့်ပြီး ခုန်ချလိုက်တုန်း၊ ဒီတစ်ခဏမှာ ဘေးပတ်ပတ်လည်က အရာအားလုံးဆီ အဖန်ဖန်အလဲလဲ သတိကို ဂါထာမန်းမှုတ်နေသလို ရွတ်ရင်း ပို့ထားရတယ်။ ခုနက အမျိုးသမီးနှစ်ယောက် ထဘီရင်ရှားနဲ့ အဝတ်တွေ ရုပ်နေကြတဲ့ ဝရန်တာမှာလည်း မိန်းကလေးငယ်လေးက စပန့်ဝမ်းဆက် အပြာလေး ဝတ်ပြီး သူလျှော်ထားတဲ့ အပေါ်အောက် အတွင်းခံတစ်စုံကို အဝတ်တွေကြားထဲ ညှပ်လှန်းနေတယ်။ အပျိုလေးပေါက်ခါစ ဆိုတော့ ရှက်ရှာတယ် ထင်တယ်။ သူ့သူကိုယ်ကိုယ် မြင်ရတဲ့ နေရာမှာ ထဘီ ရင်ရှားကြီးနဲ့ ထွက်လာရတာက တစ်ခါ၊ အတွင်းခံတွေကို သိုသိုဝှက်ဝှက် လှန်းနေရတာက တစ်ခါနဲ့ သူလည်း အတော် စိတ်ကျဉ်းကျပ်နေရှာပုံပဲ။

တစ်ချိန်တည်းမှာပဲ အမေ ပြောဖူးတဲ့ စကားတစ်ခွန်းကို ခေါင်းထဲ ရောက်ရတယ်။ သားနှစ်ယောက် မွေးထားတော့ အမေ သင်စရာရှိတာတွေ မသင်ရဘူး ဖြစ်တာပေ့ါတဲ့။ ဒီတုန်းက အမေ ပြောတာကို အပေါ်ယံလောက်ပဲ နားလည်ခဲ့မိတာ ဝန်ခံပါတယ်။ မသင်ပေးရတော့ အမော မသက်သာဘူးလားလို့ပဲ ကျွန်တော် လွယ်လွယ်တွေးခဲ့မိတာ။

တကယ်တမ်းက အမေ့ဆီမှာ တိုးတိုးဖော် မရှိခဲ့ရှာဘူး။ သမီးနဲ့ အမေရယ် ဆိုပြီး နှစ်ကိုယ်ကြား ပြောစရာတွေ မပြောလိုက်ရဘူး။ ငါ့သားကြီး ပင်ပန်းနေပြီလား ဆိုတိုင်း ခေါင်းပဲ အသာခါပြတတ်တဲ့ သားဆီကနေ အမေဟာ စကားလုံးတွေ အများကြီး မကြားရရှာ၊ နာကျင်တဲ့အကြောင်း တညည်းညည်း တညူညူ မဆိုရရှာ၊ ကွပ်ပျစ်ပေါ်မှာ လေးတွဲတွဲ လဲလျောင်းရင်း တဒင်ဒင် တဒေါင်ဒေါင် တီးတတ်တဲ့ သားကြီးရဲ့ ဂစ်တာသံကိုပဲ အပြန်အလှန် စကားဝိုင်း တစ်ခုလို အဖော်ပြုနေရရှာတယ်။

ဒီလိုတွေဆိုပေမဲ့ အမေရော၊ အဖေရော ကျွန်တော့်ကို တစ်ချက်ကလေးမှ မငြူစူဖူးဘူး။ အတွေးတွေ အများကြီးနဲ့ ငြိမ်နေတတ်တဲ့ သားတစ်ယောက်နဲ့ ဘာကိုမဆို ဆတ်ဆတ်ဆော့ဆော့ လျှောက်စမ်းသပ်ပြီး ပျော်တတ်လွန်းတဲ့ သား

mgyoe.com

m.gyoe.com SAMPLE BOOK


တစ်ယောက်ကို အရိပ်တကြည့်ကြည့် ကြည့်နေရင်း နေပူလို့မှ ထီးမမိုးပေးနိုင်တဲ့ အခါ စိတ်မကောင်းဖြစ်လိုက်၊ မိုးရွာလို့မှ မျက်နှာကြက် မလုံတဲ့အခါ သက်ပြင်း သက်မ ခိုးချလိုက်၊ ပျော်စရာကိုယ်စီ မရှာဖွေနိုင်တာကို မြင်ရတဲ့အခါ ကရုဏာ ဒေါသတွေ သက်လိုက်နဲ့၊ နောက်ပြီး တစ်ချိန်တည်းမှာ ဒီစိတ်တွေ အားလုံးကို ဖုံးထားပြန်သေးတာ။

အမေက အဖေ့ရက်လည်ပြီး နောက်တစ်ရက်မှာ အဖေ ရှိစဉ်တုန်းက အတိုင်း ပြန်ဖြစ်သွားတယ်။ ပိုပြီး မြင်သာအောင် ပြောရရင် မနက်ခင်း ထမင်းအိုး ကိုလည်း လေးယောက်စာထက် လျော့မတည်တာ၊ အဖေ ကြိုက်တဲ့ ဟင်းတွေ ကိုပဲ အလေးပေး ချက်တာ၊ ညနေစောင်းဆို လမ်းထိပ်ထိ လမ်းလျှောက်ရင်း လက်ဖက်ရည်ဆိုင် ထိုင်၊ ခွက်တစ်ဝက်လောက်ကို ဇိမ်နဲ့ ထိုင်သောက်ပြီးမှ ပြန်လာတတ်တဲ့ အဖေ့ကို မျှော်နေကျအတိုင်း မျှော်နေတတ်တာ၊ ညဘက်တွေဆို ဘေးနားမှာ အဖေ လှဲအိပ်မယ့်အတိုင်း ခေါင်းအုံးပေါ် ဖျင်တဘက်လေး လွှားပေး တတ်တာ၊ တစ်ဖက်ခြမ်းတည်းမှာပဲ အိပ်မြဲအတိုင်း အိပ်တာ၊ တခြားလုပ်ရိုး လုပ် စဉ်တွေလည်း ဒီအတိုင်းပဲ။

ဒီလိုပြောလို့ အမေက အဖေ မရှိတော့တာကို လက်မခံနိုင်တဲ့ ဘုရားမရှိ တရားမရှိတဲ့ လူလား ဆိုလည်း မဟုတ်ပြန်ဘူး။ မနက်ခင်းအစောတွေ ထမင်း ကျက်ပြီဆို ဘုရားဆွမ်းတော် တင်ပြီး ဧည့်ခန်းက ကွပ်ပျစ်လေးပေါ်မှာ ပဆစ် ကလေး တုပ်ထိုင်၊ ဘုရားရှိခိုးပြီး နောက်ဆုံး အမျှဝေပြီဆို အဖေ့နာမည်ကိုပါ တပ်လေ့ ရှိတယ်။ အမေ့ အတွေးတွေထဲမှာ ဘာတွေရှိနေလဲ ကျွန်တော် အခုထိ သိချင်နေတုန်းပဲ။ နောက်ပြီး တစ်ဆက်တည်းမှာပဲ ရှက်စိတ် ဝင်ရသေးတယ်။ ရှိနေတုန်းကတော့ စကားပြောဖို့ မကြိုးစားခဲ့ဖူးသလို အမေ မေးတဲ့ တစ်ခွန်းတည်း သော မေးခွန်းကိုတောင် ခေါင်းခါမိရုံအပြင် ကျန်တဲ့ တခြားစကားကို မပြောခဲ့ ဖူးဘူး။

နောက်ပြီး ကျွန်တော့်မျက်လုံးက နည်းနည်းကြောင်တယ် လို့လည်း ထင်မိတယ်။ တစ်နေရာရာကို ကြည့်နေရင်း အတွေးတွေ တအားဟုန်လာပြီ ဆိုရင် မျက်လုံးက တောင်တစ်လုံး၊ မြောက်တစ်လုံး ရောက်သွားသလားလို့၊ အရင်တုန်းက ဆိုရင် အငယ်ကောင်ကို ကြည့်နေရင်း အဲဒီလိုကြီး ဖြစ်သွားတာကို သူက ဓာတ်ပုံခိုးရိုက်ထားတာ၊ ပြီးမှ ကိုကြီး ဘာကြည့်နေတာလဲလို့ ပခုံးလာပုတ်

m.gyoe.com

mgyoe.com SAMPLE BOOK


တယ်။ သူရိုက်ထားတဲ့ ပုံထဲမှာလေ ကျွန်တော်က ပုသေးကွေးပြီး အကြည့်တွေက ကြောင်တောင်တောင်နဲ့၊ မျက်လုံးအရောင်ဟာလည်း မှိန်ဖျော့ဖျော့ရယ်။ အနက်ရောင် မျက်မှန်ကော်ကိုင်းကြီးနဲ့ မှန်အထူကြီးအောက်က ကိုယ့်မျက်လုံးတွေ ကိုယ်ပြန်ကြည့်ရတာက ကျွန်းတစ်ကျွန်းပေါ် သောင်တင်နေလို့ တစ်ယောက်ယောက်တွေ့လိုတွေ့ငြား၊ ကယ်လိုကယ်ငြား ဆိုပြီး ပင်လယ်ရေထဲ မျှောထားတဲ့ ပုလင်းကို နောင်အနှစ်သုံးဆယ်လောက် နေမှ ရှာတွေ့တဲ့အတိုင်း အရောင်အဆင်းတွေဟာ မွဲတေပေရေလို့ အထဲက စာမှာလည်း ဘာတွေ ရေးထားသလဲ ဖတ်ရဖို့ ခက်နေပြန်သေးတယ်။ ကျွန်တော့်ကို 'အမျှားကြီး မတွေးနဲ့ ငါ့သား' ဆိုပြီး ပခုံးပေါ် လက်နဲ့တစ်ချက်ပုတ်ရင်း အဖေက တစ်ခါပြောဖူးတယ်။

"မတွေးပါဘူး အဖေကလဲ"

"အေးပါကွာ၊ တွေးပြီးရင်လဲ အဖေတို့ကို ပြော၊ ဒါမှမဟုတ် ပြောရမယ့် တစ်ယောက်ယောက်ကို ရှာ"

ကျွန်တော်က အမေထက်စာရင် အဖေနဲ့ ပိုစကားပြောဖြစ်တယ်။ နေဦး။ စကားပြောဖြစ်တယ်လို့ ပြောရလောက်အောင်ကလည်း ရေပက်မဝင်အောင် ပြောနေတတ်တာမျိုး မဟုတ်ပြန်ဘူး။ ဒါပေမဲ့ အဲဒီတစ်ခေါက်တုန်းကတော့ နောက်တစ်ခါ အဖေ လာမေးရင် ခေါင်းညိတ်၊ ခေါင်းခါလောက် လုပ်တာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ဟုတ်တစ်လုံးတည်း လိုက်တာပဲဖြစ်ဖြစ် လုပ်တော့မယ်လို့ စိတ်ကူးခဲ့ဖူးတယ်။

အဲဒီတုန်းက ညီ့နဲ့ တွေ့ခဲ့ပြီးပြီကိုး။ ညီ့ကိုလည်း စိတ်ထဲမှာ စွဲနှင့်နေပြီးပြီ၊ ညီ့နဲ့ အငယ်ကောင်ကလည်း အချိန်ကာလတစ်ခု ကြာအောင် လက်တွဲမြဲနေပြီးပြီ။ ကျွန်တော် အဖေ့စကား ကြားတော့ ဘာလုပ်လို့ ဘာကိုင်ရမလဲ မသိဘူး ဖြစ်သွားတယ်။ ကျွန်တော် ဟန်ပျက်နေတာကို အဖေက ရိပ်မိလို့ ကိုယ်နဲ့ သင့်တော်တဲ့သူပဲ ရှာ၊ ကိုယ့်ညီရဲ့ ရည်းစားကို မကြံချင်နဲ့လို့များ ဆိုလိုချင်တာလား ဆိုပြီး ချွေးစေးစို့ရသေးတယ်။

ကျွန်တော့်မှာ ဘယ်အချိန် ပြေးကြည့်ကြည့် ဒီမိသားစုပဲ ရှိနေခဲ့တာ အမြဲပဲ။ အဖေ့အတွက်ကော ဘယ်သူတွေ ထပ်ရှိသေးလဲ၊ အမေ့အတွက်ကော ဘယ်သူတွေ ထပ်ရှိသေးလဲ၊ ညီလေးအတွက်ကော ဘယ်သူတွေ ထပ်ရှိသေးလဲ။ ကျွန်တော်ဟာ ဒီမေးခွန်းတွေကို မလိုတမာစိတ်နဲ့ မေးချင်ခဲ့တာ မဟုတ်ပါဘူး။ အကယ်၍ ထွက်သွားတဲ့သူ နေရာမှာ ကျွန်တော်သာ ဖြစ်ခဲ့မယ်ဆိုရင် ကျွန်တော့်

mgyoe.com

m g y o e . c o m SAMPLE BOOK


ကြောင့်ဖြစ်တဲ့ ကွက်လပ်ကို ဘယ်သူကများ ဘယ်အတိုင်းအတာလောက်ထိ ဖြည့်ပေးနိုင်ပါ့မလဲ ဆိုတာ စဉ်းစားပေးချင်ခဲ့လို့ပါ။

ဒါပေသိ ကံဆိုးချင်ဖို့ အကြောင်းဖန်လာတယ်ပဲ ပြောရမလား၊ ဒါမှ မဟုတ် ကံဆိုးကောင်ဒ သွားရာ မိုးလိုက်သည်းတာလား၊ ဒါမှမဟုတ် မိုးလိုက်သည်းတဲ့ နေရာကိုပဲ ကျွန်တော်က အကြိမ်ကြိမ် အခါခါ ခြေလှမ်းတွေ မှားခဲ့မိတာလား မသိ တော့ပါဘူး။ ကျန်နေခဲ့ရသူဟာ ကျွန်တော်ပဲ ဖြစ်နေတယ်။ ဒါကို အတင်းအဓမ္မ အသနားခံချင်လို့ ပြောနေတာ မဟုတ်ပါဘူး။ သနားရလောက်တဲ့ အထိလည်း ကျွန်တော့် အခြေအနေဟာ နုံချာမသွားဘူးလို့ လက်ခံထားခဲ့မိပါတယ်။

ယိုင်နဲ့နဲ့ အိမ်တိုင်လိုကောင် ဆိုတာမျိုး ကျွန်တော် ပြောခဲ့ဖူးသားပဲ။ နောက်ဆုံးမှာတော့ ဒီအိမ်တိုင်က အိမ်တိုင်ဖြစ်ပြီး ကျွန်တော်က ကျွန်တော်ဆိုတဲ့ ဖြစ်တည်မှု နှစ်ခုကို မနည်းခွာပစ်ရင်း ဒီအိမ်တိုင်တွေနဲ့ တည်ဆောက်ထားတဲ့ အိမ်ရယ်၊ ပီတောက်ပင်ပေါက် တစ်ပင်နဲ့ မဖြစ်မြောက်တဲ့ အပွင့်တွေပဲ အမြဲပွင့်တဲ့ နှင်းဆီတစ်ပင် ရှိတဲ့ မြေနေရာတစ်ခုလုံးရယ်ကို ရောင်းချပစ်လိုက်တာပဲ။ ကျွန်တော့် တစ်ကိုယ်စာပစ္စည်းက ကျောပိုးအိတ်တစ်လုံး ရှိတာ။ ထပ်ယူရတာက အငယ် ကောင် ပူဆာလို့ ဝယ်ပေးထားတဲ့ ဂစ်တာတစ်လုံး၊ ပြီးတော့ အမေ့ ပုတီး တစ်ကုံး၊ အဖေကိုင်နေကျ အိမ်သော့တွဲ တစ်တွဲ၊ ဒါပဲ။ အမေနဲ့ အဖေရဲ့ ရှိသမျှအသုံး အဆောင် ပစ္စည်းတွေကိုတော့ တစ်ပါတည်း ထည့်ပေးလိုက်မိတယ်။ နေဦး၊ မဟုတ်သေးဘူး။ အဖေ့ပစ္စည်းတွေကို အမေဆုံးမှ တူတူထည့်ပေးလိုက်တာ။ ဟုတ်တယ်။ အဖေဆုံးတုန်းက ဒီအကြံကို မရသေးဘူးရယ်။ တစ်နည်းနည်းနဲ့ တော့ ကျွန်တော့်အနားမှာ တစ်ယောက်ယောက် ရှိနေဦးမှာပဲလို့ တွေးနေမိခဲ့တာ။

ညီလေး ထွက်သွားမယ်ဆိုတဲ့ နေ့က အမေ ငိုပြန်တယ်။ အဖေ ဆုံးတုန်း ကလို ရှိုက်ကြီးတငင် ငိုတာတော့ မဟုတ်ပါဘူး။ အမေက ညီလေးနဲ့ နောက် တစ်ကြိမ်တော့ ပြန်တွေ့ရဦးမယ်လို့ တွေးနေခဲ့တာ နေမယ်။ ကျွန်တော့်ဆီမှာ လည်း ဒီအတွေး ရှိနေခဲ့ပါတယ်။ ရှင်ရက် ထွက်သွားသူတွေမှာ ပြန်လာနိုင်ဖို့ အခွင့် အလမ်းတွေ များရဲ့ မဟုတ်လား။

အဲဒီနေ့က မြင်ကွင်းကို ကျွန်တော် မမေ့ချင်လွန်းလို့ ဦးနှောက်ထဲကို အခေါက်ခေါက် အခါခါ ပြန်သွင်းထားရတယ်။

အငယ်ကောင်ဟာ ခဏခဏဝတ်လွန်းလို့ လည်ပင်းနားတွေတောင် ရွဲချင်ချင်ဖြစ်နေတဲ့ တီရှပ်အနက်ရောင်နဲ့ ဂျင်းပင်အပြာကို ဝတ်ထားတယ်။ ဒီဂျင်း

m g y o e . c o m

mgyoe.com
SAMPLE BOOK


ဘောင်းဘီကို သူ သိပ်ကြိုက်တာ ကျွန်တော် အသိဆုံးပဲ။ သူ့လို အသုံးအဖြုန်း လက်ဖွာတဲ့သူက အဖေတို့ပေးတဲ့ မုန့်ဖိုးကို တတိတတိစုပြီး ဝယ်တဲ့ ပထမဆုံးနဲ့ နောက်ဆုံးပစ္စည်းလေ။ အမေကတော့ ချည်အင်္ကျီလက်ပြတ်လေးနဲ့ အိမ်နေရင်း ဝတ် အရောင်မွဲစုတ်စုတ် စပန့်လုံချည် ဝတ်ထားတယ်။ ကျွန်တော်ကလည်း ထုံးစံ အတိုင်း စွပ်ကျယ်အဖြူနဲ့ ပုဆိုးဝတ်ထားတယ်။ အချိန်အားဖြင့် ပြောရရင် မနက် မလင်းတလင်းအချိန်၊ ငါးနာရီထိုးဖို့ ငါးမိနစ်လောက်တောင် လိုသေးတယ်။ အပြင်ဘက် နေရောင်ဟာ ကျွန်တော်တို့ အိမ်ကလေးဆီကို တို့စိတို့စိ ဖြာကျဖို့ ကြိုးစားနေတုန်းပဲ။ ပိတောက်ပင်မှာ အဖူးတွေ ဖူးနေပြီ၊ ကျွန်တော် မနေ့ညနေက တံမြက်စည်း လှည်းထားပေမဲ့ ညက လေနည်းနည်းမှုန်လို့ အမှိုက်တွေ၊ ဖုန်တွေ က ခြံထဲမှာရော အိမ်ထဲမှာရော ဟိုနားတစ်ပုံ ဒီနားတစ်ပုံ ရှိနေတယ်။ တကယ် တော့ ညီလေး ထွက်သွားမယ် ဆိုတာကို ရက်ပိုင်းလောက် အလိုကမှ ကျွန်တော် တို့ သိရတာပါ။ အဖေသာ ရှိရင် အခြေအနေက အဲဒီလောက်လည်း မဆိုးသေးပါ ဘူးကွာလို့ ဝင်ဟန့်ချင် ဟန့်နေမယ် ထင်တာပဲ။ ကျွန်တော့်နဲ့ အမေကတော့ ဘာမှ မပြောပါဘူး၊ ပြောလည်း တားလို့ဆီးလို့ ရမယ့်သူ မဟုတ်ဘူးဆိုတာ သိနှင့် ပြီးသား ဖြစ်လို့လည်း ပါတာပေါ့။

အငယ်ကောင်က ရက်ပိုင်းအလိုလောက်မှ သူသွားတော့မယ့် အကြောင်း ကို ပြောပေမဲ့ ဘယ်နေရာလဲ၊ ဘာသွားလုပ်မှာလဲ ဆိုတာကိုတော့ ကျွန်တော့်ကိုပဲ ပြောခဲ့တာပါ။ 'ကိုကြီးလဲ အမေ့ကို ပြုစုနေရတာနဲ့ ပိုက်ဆံရှာနိုင်မှာ မဟုတ်ဘူး၊ အမေ့ပင်စင်လစာကလဲ အသုံးစရိတ် ကာမိမယ် မထင်ဘူး။ အဲဒါကြောင့် ဟိုကောင် ထင်ကျော်နဲ့အတူတူ မော်ထဲ လိုက်သွားတော့မလို့' တဲ့၊ ဒီစကားတွေက ကျွန်တော့် နားထဲ တလိမ့်ခေါက်ကွေး စီးဆင်းသွားလိုက်တာများ ဘယ်ကစ,ပြီး နားလည် လိုက်ရမလဲကို မသိတော့ဘူး။ ဒါနဲ့ပဲ မှတ်ဉာဏ်တွေထဲကို သူပြောခဲ့တဲ့ စကားလုံး အတိအကျအတိုင်း ထည့်သွတ်ဖို့ ကြိုးစား၊ ပြီးခါမှ တစ်လုံးချင်းစီတိုင်းရဲ့ အဓိပ္ပာယ်ကို စေ့စေ့ပြန်တွေးရတယ်။ အဓိကကတော့ ပိုက်ဆံသွားရှာချင်တယ် ဆိုတာပဲ ဖြစ် လိမ့်မယ် ထင်တယ်။ ဒီအကြောင်းကို ခွင့်မပြုမှာစိုးလို့ အရှေ့ဆုံးမှာ ကျွန်တော် ငြင်းရခက်တဲ့ ဆင်ခြေတွေကို တန်းစီပြီး ထည့်သွားတာ နေမှာ။ တစ်အချက် အနေနဲ့ ကျွန်တော် ပိုက်ဆံထွက်ရှာဖို့ ခက်တာ အမှန်ပဲ။ တစ်လုံးစ၊ နှစ်လုံးစ ရေးတဲ့ စာတွေကလည်း ပုံနှိပ်စာလုံးအဖြစ်နဲ့တောင် မြင်ရသေးတာ မဟုတ်ဘူး။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

မြင်ရလိမ့်ဦးတော့ တစ်အိမ်လုံးစာ ကာမိလောက်တဲ့အထိ ရှာနိုင်မှာ မဟုတ်ဘူး။ နှစ်အချက်၊ အမေ့လို စည်မင်ရုံးစာရေးဝန်ထမ်းရဲ့ ပင်စင်လစာက တက်လာတဲ့ ကုန်ဈေးနှုန်းနဲ့ အိမ်သုံးစရိတ်ကို ခြုံမိဖို့အတွက်က မဖြစ်နိုင်ဘူး။ တစ်ဆက်တည်း မှာပဲ ပြောရရင် ရှိုတာန်ဆာ၊ မရှိုဝမ်းစာ ဆိုပြီး ရောင်းချပစ်လိုက်တဲ့ ပစ္စည်းတွေလည်း နည်းမှ မနည်းတော့တာ။

အဲဒီတော့ ငြင်းမရတဲ့ အကြောင်းပြချက် ပေးပြီး ထွက်သွားမယ့် အတူတူ သူ လိုအပ်တာလေးတွေ ပြင်ဆင်စရာရှိတာ ကြိုပြင်ဆင်ပေးပြီး ပိုက်ဆံလေး ဘာလေး နည်းနည်းပါးပါး ထည့်ပေးလိုက်လို့ ရပါတယ်လေလို့ပဲ စိတ်ကို ပြင်ထားလိုက်ရတယ်။ အထုပ်ကိုလည်း မနက်ဖြန်လို သွားမယ်ဆို ဒီနေ့လိုညမှ အတူတူ ထည့်ကြတယ်။ အငယ်ကောင်က အမေ ဝတ်လွှန်းလို့ နွမ်းဖပ်နေတဲ့ လုံချည်လေးကို သေးသေးလေးဖြစ်အောင် ခေါက်ပြီး ထည့်နေတာ ကျွန်တော် တွေ့လိုက်တယ်။ ဒီထဘီကို နောက်ဆုံးတစ်ခေါက် မြင်ရတာလို့သာ သိခဲ့ရင် ကျွန်တော် တစ်ကြိမ်လောက်တော့ ပွေ့ဖက်လိုက်မိမှာပဲ၊ တကယ်တော့ ကျွန်တော် ဆိုလိုတာ ထဘီကို မဟုတ်ပါဘူး။ ရိပ်ဖမ်းသံဖမ်းနဲ့ပဲ သိလိုက်ကြပါ။

ကျွန်တော်ဟာ ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ ချစ်တဲ့အကြောင်းတွေ ဖော်ပြဖို့ရာ မစွမ်းသာခဲ့ဘူး။ ချစ်တယ် ဆိုတဲ့ စကားကို မဆိုထားနဲ့၊ ဂရုစိုက်နော်၊ ကျန်းမာရေးက အဓိကပဲ၊ ပင်ပန်းရင် အချိန်မရွေး ပြန်လာ ဆိုတာမျိုးတွေကို တောင် နှုတ်က ဆွံ့အနေခဲ့ရတယ်။ တစ်ခွန်းလောက်တော့ အရဲစွန့်ပြီး ပြောပြခဲ့ သင့်တာ ဆိုတဲ့ နောင်တကို ကျွန်တော် အခုချိန်ထိ ရနေတုန်းပါပဲ။ အိမ်ထဲက ပုပျပ်ပျပ် နှင်းဆီပင်ကလည်း မဖြစ်မြောက်တဲ့ အပွင့်တွေ ပွင့်တယ်လို့ ကျွန်တော် ပြောဖူးသားပဲ။ အဲဒီနေ့မနက်က အဲဒီလို အပွင့်မျိုး ပွင့်တဲ့ မနက်ပါ။ ညီလေး ထွက် သွားတော့မယ် ဆိုတာနဲ့တင် အထူးအဆန်းဖြစ်နေရတဲ့ ရက်မှာ ဒီအပင်ကပါ ဒီလို ထပွင့်တော့ ကျွန်တော့်စိတ်ထဲ ထင့်သွားရတယ်။ အပြောင်းအလဲဟာ အဖော် အပေါင်းနဲ့ လာတယ်တဲ့လေ။ တစ်သက်တာလုံးကြီးသာ ဒီအပြောင်းအလဲ မြဲသွား ရရင် ကျွန်တော် သေရချည်ရဲ့လို့တောင် တွေးနေမိသေးတယ်။ တကယ်တော့ ကျွန်တော် မှတ်မိချင်တာက ညီလေးနဲ့ နောက်ဆုံးအမှတ်တရတွေ ရှိခဲ့တဲ့ ရက် ကိုပါ။ ကိုယ့်စိတ်အတွေးနဲ့ ကိုယ် မဟုတ်ပါဘူး။ ဒါပေမဲ့ ဦးနှောက်ရဲ့ အလုပ်လုပ်ပုံ က နည်းနည်းတစ်မျိုးတစ်မည် ဖြစ်သွားရတယ် ထင်ပါတယ်။ မှတ်ချင်ရင်လည်း

m g y o e . c o m

mgyoe.com SAMPLE BOOK


အကုန်မှတ်ကွာ၊ အေး… မှတ်ပြီးရင်တော့ ပြန်ဖျက်မရဘူး ဆိုတဲ့ စကားသံတွေကို ဒီမှတ်ဉာဏ်တွေ ပြန်ပြန်ဖော်တဲ့ အချိန်တိုင်း ကြားနေခဲ့ရတယ်။ ထားပါ၊ အဲဒီတော့လည်း ဘာဖြစ်ဖြစ် လက်ခံရုံပေါ့။ အမေက မဖြစ်တဖြစ် ပွင့်တဲ့၊ ပွင့်ဖတ်မစုံလင်တဲ့ ပန်းရောင်နှင်းဆီပွင့်ကို ညီလေးလက်ထဲ ထည့်ပေးတယ်။

"ပြန်လာနော်" တဲ့။

ညီလေးက ရယ်ရယ်မောမောနဲ့ပါပဲ။

"ပြန်လာမှာပေါ့ ငါ့အမေကလဲ၊ ဘာတွေ စိတ်ပူနေတာလဲ" တဲ့။

"အေးပါ အေးပါ… ငါ့သားလေး ခရီးလမ်း အဆင်ပြေ ချောမွေ့ပါစေ၊ ဘေးရန်ကင်းပါစေ၊ ခလုတ်မထိ ဆူးမငြိပါစေနဲ့၊ လူကောင်းတွေနဲ့ပဲ တွေ့ပါစေ၊ အမေ့အိမ် ပြန်လာနိုင်ပါစေ"

စကားအဆုံးမှာ ညီလေး မျက်ရည်တွေ ဝိုင်းသွားရတာကို ကျွန်တော် မြင်ဖြစ်အောင် မြင်လိုက်သေးတယ်။ သူကတော့ အမေ့ကို မမြင်စေချင်ဘူး ထင်ပါတယ်။ ပြန်လာနိုင်မယ့် လမ်းတွေဟာ မသေချာတော့မယ့်အတိုင်း ကန်တော့ရင်း အမေ့ ခြေဖမိုးကို အကြာကြီး၊ အကြာကြီးကို နမ်းနေတယ်။ ပြီးတော့ ကျွန်တော့်ကို မဖက်စဖူး ဖက်တယ်။ ကျွန်တော် ဘုရားစူး ဒါမျိုး မကြုံဖူးဘူး။ အရင်က တစ်ခန်းတည်း အိပ်လို့ သူယောင်ပြီး လှမ်းဖက်လိုက်တာမျိုးလောက်ပဲ ရှိခဲ့ဖူးတာ။ သူက အဲဒီလိုလုပ်ခဲ့လို့ ကျွန်တော့်မှာ ပိုနောင်တရရတယ်။ အချိန်မရွေးပြန်လာဆိုတဲ့ စကားကို ဘာလို့ မပြောလိုက်နိုင်ရတာလဲ။ ဒီအပြစ်ရှိစိတ်ကို ကျွန်တော်သေတဲ့အထိ သယ်သွားမှာ။ ဒါကို ကျွန်တော် ကျေကျေနပ်နပ် ခံယူမယ် ဆိုတဲ့စိတ်နဲ့ ပြောတာပါ။ ဒါကြီးကို သယ်သွားရလေခြင်း ဆိုပြီး ခံပြင်းဒေါသလည်း ကျွန်တော့်မှာ ထွက်ပိုင်ခွင့် မရှိပါဘူး။ ဒါဟာ ကျွန်တော်နဲ့ ထိုက်တန်တဲ့ အပြစ်ပဲ။ မှုန်ဝါးဝါးအတိတ်ကို ပြန်ပြန်ဖော်နေရတဲ့ အကြောင်းအရင်းထဲမှာ ဒီဟာလည်း တစ်ခုအနေနဲ့ ပါဝင်နေတယ်။ အပြစ်သားဟာ ကိုယ့်အပြစ်ကိုယ် မှတ်မိနေရမယ်။ ဒါဟာ အပြစ်ကြေးဆပ်နည်း တစ်နည်းပဲမလား။ တခြားသူတွေတော့ မသိပေမဲ့ ကျွန်တော်က ဒီလိုခံယူထားတာမို့ တစ်ခုခုနဲ့ စိတ်ပြန်ဖြေနိုင်တယ် ဆိုတဲ့ အပြစ်ဖြေနည်းတွေ မရှိဘူး။ နေရောင်ဟာ ဘယ်လောက် ထူထပ်သိပ်သည်းနေပါစေ၊ ကျောက်တုံး တစ်တုံးကိုတော့ ဖြတ်ပြီး မလင်းနိုင်ဘူး။ နောက်ပြီး ကျွန်တော် ပြန်ဖြေသိမ့်နိုင်တဲ့ လက်တစ်ဆုပ်စာ ကောင်းမှုလေးကလည်း နေရောင်ကြီးလို့

mgyoe.com

mgyoe.com SAMPLE BOOK

ထည့်ဝါမနေဘူး။ အပြစ်ဒဏ်တွေလို ကျောက်တုံးတွေနဲ့ တည်ဆောက်ထားရတဲ့ ဝရန်တာက ပုကွကွ ပျော့နွဲ့နွဲ့ လူတစ်ယောက်ကို တွေ့ရတဲ့အခါ ကျွန်တော်လို့ပဲ တထစ်ချ သတ်မှတ်နိုင်ပါတယ်။

မပြုစုချင်တော့လို့ မြန်မြန် အသက်ဆုံးစေချင်တဲ့ စိတ်ကို ဝေဒနာ မခံစားစေချင်တော့လို့ ဆိုတဲ့ အလိမ်အညာထဲ ထိုးထည့်လိုက်တာ တခြားသူ မဟုတ်ပါဘူး၊ ကျွန်တော်ပါပဲ။ အကြီးကောင်ကြီး ပင်ပန်းနေပြီလား ဆိုတဲ့ စကားသံကို ခေါင်းခါလိုက်ပေမဲ့ လက်တွေ့မှာတော့ အကြိမ်တိုင်းလိုလို စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်နေရပြီ ဆိုတဲ့ အဖြေကို စိတ်ထဲမှာ ဖြေနှင့်ပြီးနေတာ ကျွန်တော်ပါပဲ။ ကျွန်တော့်ကို တစ်ခုခုနဲ့ ပုံဖော်ပြပါဆိုရင် နာမည်ကို မပြောပြချင်၊ ကြီးပြင်းလာရတဲ့ ပုံစံကို မပြောပြချင်၊ နေထိုင်ခဲ့ရတဲ့ ဇာတိကို မပြောပြချင်၊ ကုန်ကုန်ပြောရရင် အခုအချိန်မှာ ဟောဒီ ငါးထပ်တိုက် ဝရန်တာကနေ ခုန်ချပြီး အသက်ဆုံး ပစ်လိုက်ချင်တဲ့ လူတစ်ယောက်လို့တောင် မပြောပြချင်ဘူး။ ကျွန်တော်ဟာ ဝန်ထုပ်တွေကို ငါ တစ်ယောက်တည်း ထမ်းနေခဲ့ရတာ ဆိုပြီး ငါတကောကော နေခဲ့တဲ့ သူ၊ ရှိရှိသမျှ ဥစ္စာပစ္စည်းတွေကို တစ်ယောက်တည်း ရှာဖွေ စုဆောင်းလာခဲ့သလိုလိုနဲ့ ငါ့အပိုင်ပဲ ဆိုပြီး ထုခွဲရောင်းချပစ်ခဲ့တဲ့ သူ၊ ပြန်မလာသေးတဲ့ ညီလေးကို ပြန်မလာလောက်တော့ပါဘူးလေလို့ ကိုယ့်စိတ်နဲ့ကိုယ် ဆုံးဖြတ်ချက်ချလိုက်တဲ့ သူ၊ နေရာတကာမှာ နိမ့်ပါးအားနည်းသူလို ဟန်ဆောင်ပြီး အားလုံး ရှန်းကန်နေရတဲ့ အချိန်မှာ တစ်ယောက်တည်း ပင်ပန်းနေရသလိုပုံစံ ဖမ်းထားတဲ့သူ၊ မျှော်လင့်ချက်ဟာ သေရာပါမယ့် အဖြစ်ပဲ ဆိုပြီး လတ်တလောကိစ္စတွေကိုပဲ အာရုံစိုက်ဖို့ ဘယ်လောက်ကြိုးစားကြိုးစား မရတဲ့သူ၊ အဆုံးသတ်ပစ်ချင်နေတဲ့ စိတ်ကို ကော်ဖီစက် ဝယ်ချင်တဲ့ ဆန္ဒနဲ့တောင် ဖြစ်ဖြစ်မြောက်မြောက် ဆွဲဆန့်ထားနိုင်စွမ်း မရှိတဲ့ သူ၊ အရှေ့မှာ ဘာမှ မမြင်ရလို့ ဆိုတာထက် သေချာကြိုးစား မကြည့်နိုင်တဲ့ ကိုယ်တိုင်ရဲ့ အသုံးမကျမှုကို ချနင်းပြီး ဖြစ်ပျက်ခဲ့ပြီးသား အတိတ်ကို ပြင်ဆင်ချင်စိတ် ကြီးနေရတဲ့ သူ၊ အတွေးတွေဟာ မခိုင်ခံ့လွန်းလို့ တစ်ယောက်ယောက်ရဲ့ ထောက်ခံမှုကို ရမှ နေသာထိုင်သာ ရှိနေရမယ့် သူ၊ တစ်စုံတစ်ယောက်၊ တစ်စုံတစ်ခုရဲ့ လွှမ်းမိုးမှုကို လွယ်လင့်တကူပဲ ခံနေရတတ်တဲ့ သူ၊ ဒါဟာ ကျွန်တော်ပဲ။ ဒီထက်ပိုပြီး ဖော်ပြချင်ပေမဲ့ ဒါ အကုန်ပဲ။

mgyoe.com

mgyoe.com SAMPLE BOOK


နောက်ပြီး ကျွန်တော်က ကိုယ်ပိုင်အကြောင်းတရားတွေကို လူမသိသူမသိ ဝန်ခံချင်လို့ စာရေးစားနေတဲ့ ကောင်။

ဟုတ်တယ်။ ဒါကလည်း ငြင်းမရတဲ့ အမှန်တရားတွေထဲက တစ်ခုပဲ။

စာလုံးတွေထဲမှာ ရှိရှိသမျှ အကြောင်းတရားတွေကို ကြားညှပ်ညှပ်ပြီး ထည့်တယ်။ သိသိသာသာပြဖို့ အမြဲလိုလို လက်တွန့်တယ်။ ဒါဟာ စာရေးစားသူရဲ့ ကြောက်ရွံ့မှုပါလား၊ စာရေးစားသူရဲ့ စိုးရိမ်မှုပါလား ဆိုတာကို တစ်ယောက်ယောက်များ သိသွားလေမလားလို့ ကြောက်စိတ်ပေါ် ရှက်စိတ် ထပ်ကွန့်နေရတာ အမြဲတမ်းပဲ။ အခုဖြစ်ဖြစ်သမျှ စိတ်အတွေးတွေကိုလည်း ဖြစ်နိုင်ရင် အားလုံးကို ချရေးပစ်လိုက်ချင်တယ်။ ဒါပေမဲ့ ရှက်စိတ်က ကြီးစိုးနေတဲ့အပြင် ဒီအတွေးတွေဟာလည်း ငယ်ငယ်က ဆော့ချင်လွန်းလို့ အမေက ဆပ်ပြာဖျော်ပေး၊ အဖေက ဖျော်ရည်သောက်တဲ့ ပလတ်စတစ်ပိုက်လေးတွေကို ဖြတ်တောက် ဆက်ပေးပြီး ဆပ်ပြာကို စိမ်လို့ရတဲ့ ပိုက်အပိုင်းလေးနဲ့ ဆော့ရတဲ့ ဆပ်ပြာပူစီဖောင်းတွေလိုဘာလေးနဲ့ပဲ ထိထိ၊ နောက်ဆုံး နေရောင်လေးများ ပြင်းသွားရင်ကို တဖောက်ဖောက်နဲ့ ပေါက်ကုန်ကြတယ်။ ထပ်ပြီး ဖမ်းဆုပ်ချင်လို့ တွေးမယ်ကြံပြန်ရင်လည်း ထပ်ပြီး ပေါက်သွားပြန်၊ ဆပ်ပြာရည်တွေသာ တတိတတိနဲ့ ကုန်ရင် ကုန်သွားမယ်၊ ကျွန်တော်ကတော့ ဘာကိုမှ လက်ဆုပ်လက်ကိုင်ပြလို့ ရလောက်တဲ့ အထိ လိုက်ရှာဖမ်းနိုင်မှာ မဟုတ်ဘူး။

ယက်ကန်ယက်ကန်နဲ့ နေ့တွေကို ကုန်ဆုံးရတာချင်း အတူတူပဲ ဆိုပေမဲ့ အခုကတော့ ကျွန်တော်ဟာ တစ်ယောက်တည်း။ တကယ့်ကို တစ်ယောက်တည်း။ ကိုယ်တိုင်ရဲ့ နေ့စဉ်ဘဝဟာ ငြီးငွေ့စရာကောင်းလွန်းလို့ တခြား တောင်တောင်ဤဤ လျှောက်တွေးလိုက်၊ မရှိတဲ့အရာတွေကို ရှိသလိုလုပ်ပြီး ဇာတ်လမ်း ဇာတ်ကွက်တွေကို တည်ဆောက်လိုက်နဲ့ပဲ တရွတ်ဆွဲ ဖြတ်သန်းနေရတယ်။ ရုံးဝန်ထမ်းတစ်ယောက်အနေနဲ့ ရုံးနဲ့ပတ်သက်ပြီး စီစဉ်စရာတွေ ရှိလာတဲ့ အခါတိုင်း ဘယ်ပစ္စည်းကို ဝယ်ဖို့လိုပြီ၊ ဘယ်ပစ္စည်းကတော့ အရည်အသွေး မကောင်းလို့ နောက်တစ်လ ဆက်ဝယ်မသုံးတော့ဘူး စတဲ့ စီမံခန့်ခွဲမှုတွေကို ပြုလုပ်ရတိုင်း လူဟာ အခွံကြီးကလွဲပြီး ကျန်တာ မရှိတော့သလိုပဲ။ ဝိညာဉ်ဟာ ခန္ဓာအပြင်ဘက်ဆီ ခရီးနှင်သွားပြီး ဘယ်ကို အဲလေလွင့်လို့ လွင့်နေမှန်း မသိလောက်အောင် အထိကို ခံစားနေရတယ်။ ငါးလွှာကနေ ဒယီးဒယိုင် ဆင်းလာ၊

mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်းငိုက်စိုက်ချထားတဲ့ မိန်းမတစ်ယောက်နဲ့ တွေ့တိုင်း ဘေးနားကနေ အသာလေး ရှောင်ကွင်းသွား၊ အောက်ထပ်မှာ သက်လတ်ပိုင်းမိန်းမတွေ ပိုက်ဆံအိတ် ချိုင်းကြား ညှပ်ပြီး ပြောချင်တိုင်း ပြောနေတဲ့ အတင်းအဖျင်းတွေကို ကြားနေလည်း မကြား သလို ဟန်ဆောင်ပြီး ဖယ်ရီ လာကြိုမယ့် နေရာအထိ ခြေတစ်လှမ်းချင်း ဆက် သွား၊ တိုးဝှေ့နေစရာ မလိုတဲ့ ဖယ်ရီကားပေါ်မှာ တစ်ခါတစ်ခါ ငိုက်မျဉ်းပြီး တစ်ခါ တစ်ခါ စကားစမြည်ပြော၊ ပြောနေရင်း ဝိညာဉ်ဟာ ဖျပ်ခနဲ ထွက်သွားသလို လူ အခွံကြီး ဆိုတဲ့ ဖြစ်တည်မှုကို ခံစား၊ အခွံအတိုင်း အလုပ်လုပ်၊ အခွံကြီးထဲ နေ့လယ်စာတွေ ထိုးသွတ်ပြီး ထည့်....၊ ကျွန်တော် တွေးနေရင်း အန်ချင်လာ တယ်။ ဘယ်လောက်တောင် အန်လိုက်ချင်လဲ ဆိုရင် တစ်သက်လုံးက စားထား သမျှတွေ အကုန်အကုန် ပါသွားလောက်တဲ့အထိ ထိုးအန်ပစ်လိုက်ချင်တယ်။

နောက်ပြီး ကျွန်တော့်စိတ်ထဲ ဝင်လာတဲ့ အသိဟာ ကျွန်တော်အဖို့ ကိုယ်နဲ့ ပတ်သက်တဲ့ အရာတိုင်းကို ဘာအကြောင်းကြောင့်နဲ့မှ ရှောင်လွှဲလို့ မရဘူး ဆိုတာပါပဲ။ ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ အတိတ်မှာလည်း ခပ်ဝေးဝေးအတိတ်နဲ့ ခပ်နီးနီးအတိတ် ဆိုပြီး ကွဲသွားတာပဲ ရှိတာ။ ကျွန်တော် ပါဝင်နေတယ် ဆိုတာက မျက်ကွယ်ပြုထားလို့ရမယ့် အချက်မှ မဟုတ်တာလေ။ ဒီလို သိလိုက်လည်း ချက်ချင်းလက်ခံနိုင်ဖို့ ဆိုတာ ကျွန်တော့်အတွက်တော့ ခက်ပါတယ်။

ဒါနဲ့ပဲ အခုလက်ရှိအချိန်ဆီ စိတ်ကို ခဏပြန်ပို့မယ် ပြင်လိုက်တယ်။ ခုနက ဆယ်ကျော်သက် အပျိုပေါက်ကလေးလည်း အိမ်ထဲ ဝင်သွားပြီ။ ပေါင်ပေါ် ခုန်တက်လာတဲ့ ရှဉ့်တစ်ကောင်လည်း ဘယ်ဆီနေမှန်း မသိတော့ဘူး။ တိုက် ထောင့်စွန်းက နေလုံးဟာလည်း အပေါ်ကို ထိုးထိုးထောင်ထောင် တက်စ,ပြု နေပြီ။ ကောင်းကင်တစ်ပြင်လုံးအပြည့် ဖြန့်ခင်းထားတဲ့ နေရောင်ခြည်ဟာ မျက်စိ ကျိန်းမတတ် စူးရဲနေတယ်။ လက်မှာ ပတ်ထားတဲ့ နာရီကို ငုံ့ကြည့်လိုက်ရင် ကောင်းမလား။ အချိန်ကို သိချင်သေးတယ်။ ကျွန်တော့်မှာ ဘာမှ ထွေထွေထူးထူး လုပ်စရာ မရှိပေမဲ့ မီးပြန်လာရင်တော့ အားသွင်းစရာ ရှိတာတွေ သွင်းထားရမယ်။ ဖုန်းရယ်၊ အားသွင်းမီးချောင်း နှစ်ချောင်းရယ်၊ ပါဝါဘဏ် တစ်လုံးရယ်၊ နောက်ပြီး ဘာရှိသေးလဲ။ မီးလာရင် ဘာလုပ်ရမလဲ။ ဘာလုပ်စရာ ရှိသေးလဲ။ ဘာလုပ်ချင် တာ ရှိသေးလဲ။ ဒီနှစ်ခုကိုလည်း အခုလို အားရက်ဆိုရင် ခွဲခွဲပြီး စဉ်းစားရတာ အမောပါ။ ဘာလုပ်လုပ်နေနေ အချိန်ကုန်သွားရင် ပြီးရောလေ။

mgyoe.com  SAMPLE BOOK 

ဟုတ်ပြီ။ ကျွန်တော် ထမင်းချက်ရမယ်။ ကြက်ဥတစ်ကတ် ဝယ်ထားတာ ရှိသေးတော့ အဲဒါကို ချက်ချက်၊ ကြော်ကြော်၊ ပြုတ်ပြုတ်၊ သုပ်သုပ် လုပ်ချင်သလို လုပ်ပြီး စားရုံပဲ။ တစ်နပ်စာ ဖြောင့်ဖြောင့်တန်းတန်း ဝင်သွားရင် အနည်းဆုံးတော့ ရင်မှာ ဟာမနေတော့ဘူး။ နောက်နေ့တော့ မနက်အစောထပြီး ဈေးထဲက ဝက်အူချောင်း တစ်တွဲလောက် ဝယ်ဦးမှ။ ပန်းမုန်လာလည်း တစ်ခါတည်း ဝယ်ရမယ်။ အရင်တုန်းကဆို ပန်းမုန်လာကို ကြက်ဥနဲ့ ရောကြော်မှ ပိုခံတွင်းမြိန်တယ်လို့ ထင်ခဲ့ပေမဲ့ အခုတော့ ကြက်ဥတစ်လုံးကို သတ်သတ်ကြော်၊ ပြီးမှ ပန်းမုန်လာကို ကြော်ဖြစ်တယ်။ ဘာရယ် မဟုတ်ဘူး၊ ဟင်းနှစ်ခွက် စားရရင် ပိုမြတ်တယ်လို့ တွေးမိတာ။ တကယ်တော့ ဒီအတွေးကလည်း အူကြောင်ကြောင်ပါပဲ။ အရှုံးနဲ့ အမြတ် တအားတွက်တတ်လာတာ အသက်အရွယ်ကြောင့်လား၊ ဒါမှမဟုတ် နောက်ထပ် ဘာရှိသေးလဲ။ ငွေရေးကြေးရေး ကျပ်တည်းလာတဲ့ ကာလကို ဒီလိုနည်းနဲ့မှ ကြံ့ကြံ့ခိုင် ကျော်ဖြတ်နိုင်မယ်လို့ ထင်တာလား၊ ဘာနဲ့မှ မဖြည့်နိုင်လို့ မပြည့်ဝနေရတဲ့ စိတ်ကို ဒီလိုပုံစံမျိုးနဲ့ ပြည့်သယောင်ယောင် ခံစားရစေချင်တာလား။ ဟောဒီလို ဈေးတွက် ထိုင်တွက်နေလိုက်ခြင်းအားဖြင့် ကုန်ဆုံးသွားမယ့် အချိန်ကို အကျိုးရှိတယ်၊ အချိန်လည်း ကုန်လွယ်တယ်လို့ ခံစားရလို့လား။ ဒါမှမဟုတ် ဟောဒီလိုတွေ အချိန်ဇယား ချထားလိုက်ရုံနဲ့ နောက်တစ်ရက် အသက်ဆက်ရှင်ချင်စိတ်တွေ ပေါ်လာရလိမ့်မယ်လို့ တွေးမိနေတာလား။ ကျွန်တော် ကိုယ့်အတွေးတွေကို မပိုင်းခြားနိုင်ဘူး ဖြစ်နေတယ်။

မရေမတွက်နိုင်လောက်အောင် များလွန်းတဲ့ အတွေးကမ္ဘာထဲမှာ ရှိနေတဲ့ အချိန်ဟာ မနှိုင်းကောင်း နှိုင်းကောင်း ပြောရရင် နတ်ပြည်လိုပဲ။ ငယ်ငယ်က ဖတ်ရတဲ့ ရုပ်ပြကာတွန်းတွေထဲမှာ ဆိုရင် လူ့ပြည်က နှစ်တစ်ရာက နတ်ပြည်မှာ တစ်ရက်တဲ့လေ။ အဲဒါကို မြင်စေချင်လို့ နှိုင်းပြရုံပါ၊ ကျွန်တော့်မှာ တခြား ဘာစိတ်မှ မရှိပါဘူး။ မွေးကတည်းက မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ခဲ့လို့ ဟောဒီလို ပုံပြင်တွေ၊ လက်ဆင့်ကမ်းစကားတွေနဲ့ ရင်းနှီးခဲ့ရတာရယ်၊ ဘယ်နေရာ ရောက်ရောက် ဘုရားစင် တစ်နေရာစာလေး ပြင်ဖို့ အမြဲအသင့် ရှိနေတာရယ်ထက် ပိုတဲ့ တရားအလုပ်တွေတော့ မလုပ်ဖြစ်ပါဘူး။ မနက်လင်းရင် ဘုရားသောက်တော်ရေ တစ်ခွက် ကပ်ရတာကလည်း အကျင့်လိုပဲ။ ကျန်တဲ့ စိတ်ဓာတ်အတွေးတွေ၊ ကိုးကွယ်ကိုင်းရှိုင်းမှုတွေ မပါဘူး။ ငါတောင် မိုးလင်းရင် ရေဆာ

mgyoe.com

m g y o e . c o m SAMPLE BOOK

သေးတာပဲ၊ ဘုရားကိုလည်း ရေတော်လေးကပ်မှ ဆိုတဲ့စိတ်နဲ့ အမေက ဒါလေး တစ်ခုတော့ အမေ့အတွက် ဘုရားဝေယျာဝစ္စလေး လုပ်ပေးဆိုပြီး တောင်းဆိုတာ ကြောင့်ပဲ။

မှတ်မိသေးတယ်။ ငယ်ငယ်ကဆို အမေက ကျွန်တော်တို့ညီအစ်ကိုကို တစ်လှည့်စီ ဘုရားရေတော် ကပ်ခိုင်းခဲ့တာ။ ကျွန်တော်က လုပ်ဖို့ရာ ပျင်းပေမဲ့ အလှည့်ကျတဲ့ ရက်ဆို သေချာလေး လုပ်တယ်ရယ်။ မလုပ်တာက အငယ်ကောင် ညီလေး။ ရှေ့ရက်က ကျွန်တော် ကပ်ထားတဲ့ ရေခွက်ကို စွန့်ပါတယ် ဘုရားလို့ ပါးစပ်လှုပ်ရုံလေး ရွတ်ပြီး အဲဒီရေကို သွန်၊ ရေအသစ်ထည့်ပြီး ရေတော် ကပ်ပါ တယ် ဘုရားလို့ ပါးစပ်လှုပ်ရုံလေး ထပ်ရွတ်တာ။ တစ်ရက်ကျ အဲဒီ ရေတော် ဖန်ခွက် မဆေးတာကို အမေနဲ့ တည့်တည့်ကြီး တိုးတာပဲ။ အမေက ပြောလိုက် တာ ဆူလိုက်တာ ဆိုတာ။ ထုံးစံအတိုင်း ရှေးပဝေသဏီတုန်းက အငယ်ကောင် ဆိုးခဲ့ တာတွေ၊ ပြောစကား နားမထောင်တာတွေကနေ စလို့၊ ရေတော်ခွက် မဆေးတဲ့ ကိစ္စအလယ်၊ အဖေနဲ့ ကျွန်တော် မေ့တဲ့ ဘုရားဝေယျာဝစ္စတွေအဆုံး တောက် လျှောက် ပြောလိုက်တာ၊ ညနေစောင်းမှ 'ဒီစခန်း ဒီမှာတင် ရပ်တော့မယ်၊ ငါလဲ ပြောရတာ ပါးစပ်အမြုပ်ထွက်ရုံအပြင် မရှိဘူး' ဆိုပြီး ရပ်လိုက်နိုင်တော့တယ်။

အဲဒီတုန်းကတော့ အမေရော အဖေရော သန်တုန်း မြန်တုန်းပေါ့။ ကျွန်တော့် ညီလေးဟာလည်း ဘာအပူအပင်မှ မရှိတဲ့ ဆယ်ကျော်သက် ခပ်ဆိုးဆိုး ကောင်ငယ်လေးတစ်ယောက် အဖြစ်ထက် မပိုခဲ့ဘူး။

"ဒီကောင် ဘယ်တော့မှ ရင့်ကျက်မှာလဲ မသိဘူး" လို့ အဖေ ပြောတိုင်း စိတ်ထဲကနေ အဖေ့စကားကို ငြင်းဆန်ခဲ့တာချည်းပဲ။ ညီလေးက မရင့်ကျက်တာ မဟုတ်ဘဲ သူ့အရွယ်နဲ့သူ ရှိသင့်ရှိထိုက်တဲ့ လန်းဆန်း ဖျတ်လတ်မှုမျိုး ရှိရုံတင်ပါ။ ကျွန်တော့်အနေနဲ့ ဘယ်တုန်းကမှ မရှိဖူးတဲ့အရာ၊ အရွယ်နဲ့လိုက်တဲ့ ဖွံ့ဖြိုးမှု ဆိုတာကနေ စ,ပြီး အရွယ်နဲ့လိုက်တဲ့ လန်းဆန်းမှု၊ နုပျိုမှု၊ စိတ်လှုပ်ရှားမှု၊ ရင့်ကျက်မှု အဆုံး ဘာတွေကမှ အမြဲအမောက် တည့်လှတယ်လို့ မရှိခဲ့ဘူး။ ဒါပေမဲ့ ကျွန်တော်တို့တစ်တွေ နေလို့ ပျော်ခဲ့ကြပါတယ်။ ဘယ်တော့မှ မအိုဟောင်း မဆွေးမြည့်တော့မယ့် ချည်မျှင်တွေလို တစ်ပင်နဲ့တစ်ပင် ပူးပူးကပ်ကပ်ကို တည်ရှိ နေခဲ့ကြတာ အမြဲပဲ။

နေ့ရက်တိုင်းဟာ တစ်ပုံစံတည်း၊ တစ်ထေရာတည်း။

m g y o e . c o m

 mgyoe.com SAMPLE BOOK 

မိုးလင်းတာနဲ့ ဉျှဖွဆိုပြီး မန်းမှုတ်ထားသလို မနက်စာက စားပွဲပေါ်မှာ အဆင်သင့်၊ ဆန်အိုးထဲက ဆန်ဟာ ဘယ်တော့မှ လျော့မသွားလောက်ပါဘူးလို့ ထင်မှတ်ရလောက်အောင် အမြဲလိုလို အပြည့်၊ ဘယ်အချိန် ပြန်လာ ပြန်လာ ထမင်းစားပွဲ အုပ်ဆောင်းသာ လှပ်လိုက်၊ အနည်းဆုံး အသားဟင်း တစ်တုံးတော့ ကျန်စမြဲ။ ညနေစောင်းတွေရဲ့ ကောင်းကင်မှာ အမြဲလိုလို မိုးသားတိမ်တိုက်တွေ ကင်းစင်နေတတ်ပြီး လရောင်ရဲ့ ရှင်းလင်း တည်ငြိမ်မှုကိုလည်း စိတ်နဲ့အမျှ လုံလုံလောက်လောက် ခံစားနိုင်ခဲ့ရတယ်။ အခုများတော့ ဖြစ်ထွန်းရာ ရိုးတံဆီကိုလည်း မပြန်နိုင်၊ ခြေနင်းဖတ်ဘဝကိုလည်း မပျော်နိုင်နဲ့၊ ဘာကမှ ပြည့်ဝတယ်လို့ ခံစားရစေတာမျိုး မရှိတော့ဘူး။

နေဦး၊ တွေ့လား။ ကျွန်တော်က ဒီလိုလူပဲ။ ကိုယ်စွမ်းကိုယ်စနဲ့ လောက်လောက်ငှားငှား မပြောင်းလဲနိုင်လို့ အတိတ်က ရွှေရောင်နေ့ရက်တွေဆီကိုပဲ စိတ်ကို ပြန်ပြန်ပို့ထားရုံလောက် တတ်နိုင်တဲ့ ဘဝကို ပိုင်ထားတဲ့ လူတစ်ယောက်ပဲ။ အမေသာ သိရင် ကျွန်တော့်အတွက် ယူကျုံးမရ ဖြစ်နေမလား မသိတော့ပါဘူး။ မဖြစ်ထွန်းတဲ့ဘဝဟာ သူတို့ကြောင့် ဖြစ်ရတာ၊ သူတို့မှာ ပညာရေး ဥစ္စာကိုရော သေချာ အမွေပေးခဲ့နိုင်စွမ်း မရှိခဲ့ဘူးလို့ တွေးနေမလား။ အဲဒီလိုတော့ မတွေးစေချင်ပါဘူး။ ကျွန်တော်ကိုယ်တိုင်က ပေးသလောက် မယူနိုင်ခဲ့တဲ့သူ၊ ယူခဲ့သလောက်ကိုလည်း ပြန်မပေးနိုင်ခဲ့တဲ့သူ ဖြစ်နေခဲ့တာလေ။

မွေးကတည်းက ဘာကိုပဲဖြစ်ဖြစ် အစနှေးခဲ့ရပြီး သူများတကာထက် အရာအားလုံး နောက်ကျခဲ့တဲ့အပြင် လူပုံပန်းသဏ္ဍာန်ကလည်း ပုပျပ်ပျပ်၊ ပိန်ပိန်လိမ်လိမ်၊ ကြောင်တောင်တောင် မျက်လုံးအကြည့်တွေနဲ့ ပုံမှန်လူတစ်ယောက်လို မဟုတ်ခဲ့တဲ့ပုံစံ ဖြစ်နေခဲ့ရတာပါ။ ကျွန်တော် ကိုယ့်ပုံစံ ကိုယ်ဖော်ပြရမှာ တအားရှက်ပါတယ်။ တကယ်ပါ။ ဘဝအချိုးအကွေ့တိုင်းနဲ့ သက်ဆိုင်တယ်၊ အရေးပါတယ် ဆိုတဲ့ အရာတိုင်းမှာ ဒီရုပ်ရည်သွင်ပြင်ကြောင့် ပြဿနာ ရှိနေခဲ့ရသလို ခံစားခဲ့ရတာကလည်း အကြိမ်တိုင်းပဲ။ ညီနဲ့တုန်းကလည်း ဒီလိုပဲ ခံစားရတယ်။ ညီဟာ အငယ်ကောင်ထက် ကျွန်တော်နဲ့ အရင်တွေ့ခဲ့ရင် ဘယ်လိုဖြစ်မလဲလို့ စိတ်ကူးယဉ်ကြည့်ရတာ အမောလေ။ ဒါပေမဲ့ ဘာကမှ ကျွန်တော့်ဘက်မှာ ရှိမနေနိုင်ပါဘူး။ ကံကြမ္မာရော၊ အချိန်ကိုက် ဖြစ်တည်မှုရော၊ ကုန်ကုန်ပြောရရင် ကျွန်တော် ကိုယ်တိုင်တောင် မရှိပေးနိုင်ခဲ့ဘူး။ သူ့ဘဝက ရိုးရှင်းတယ်၊ လိုချင်တပ်

mgyoe.com

mgyoe.com SAMPLE BOOK


မက်ရတဲ့ အရာတွေ နည်းတယ်ဆိုတဲ့ သူမျှား ပါးစပ်ဖျားက ပုံဖော်ပေးတဲ့ စကားတွေကို ကိုယ့်အတွက် ကိုယ် ပုံတူ ပြန်ကူးလိုက်တဲ့ ခပ်နေ့နေ့ ခပ်လေးလေး ကောင်ပါပဲ။

ညှိုဆိုလည်း သူနဲ့ တွေ့ဆုံမှုအစဉ်လိုက်မှာ ကျွန်တော်က ဒုတိယကပ်ခဲ့ရတယ်။ ပထမက ကျွန်တော့်ညီလေး ဖြစ်ပြီး သူကတစ်ဆင့် ကျွန်တော် ဆိုတဲ့ ဖြစ်တည်မှုမှာ ညှို့ပုံရိပ်တွေ လာထင်ရတယ်။ ဒါပေမဲ့ ရွေးချယ်ခံရသူက ပထမသမားလည်း မဟုတ်၊ ဒုတိယသမား ဆိုတာကလည်း ဝေလာဝေးပြီး တတိယလူ ဖြစ်ခဲ့ရတယ်။

အငယ်ကောင် ထွက်သွားပြီး သုံးလလောက်အကြာမှာ ညှို့ မင်္ဂလာဆောင် သတင်းကို ကျွန်တော်တို့သားအမိ ကြားလိုက်ရတာပဲ။ သူ ထွက်သွားတဲ့ မနက်မှာရော၊ ဒီပြင် ရှေ့ရက်တွေမှာရော ညှို့ကို ကျွန်တော် မတွေ့ရဘူး။ မတွေ့ရဘူး ဆိုတာကို တွေ့ချင် မြင်ချင်လွန်းတဲ့ စိတ်ဆန္ဒနဲ့ ပြောတာထက် ဒီအတိုင်း မိတ်ဆွေတစ်ယောက်ကို မတွေ့တာကြာလို့ ပြောတဲ့ပုံစံပါလို့ အဲဒီတုန်းကတော့ ကိုယ့်ကိုယ်ကိုယ် လိမ်ခဲ့မိတယ် ထင်တာပဲ။ အချိန်ကာလရဲ့ တိုက်စားမှုကို ခံကြရတဲ့ အထဲမှာ အလိမ်အညာတွေလည်း ပါတာပါပဲ။ သူတို့က ဘာသားနဲ့ ထုထွင်းထားတာမို့လို့လဲ။

ရက်လ နှစ်တွေ ကြာခဲ့ပြီးတဲ့ နောက်မှာ အဲဒီတုန်းက ညှို့ကို အမှန်တကယ် လွမ်းဆွတ်တမ်းတလို့ အဲဒီလို ဖြစ်နေရတာလား ဆိုတာကို ကျွန်တော် ကိုယ်တိုင်တောင် ဝေဝါးလာခဲ့ရတယ်၊ ဒါလည်း ကောင်းခြင်းတစ်မျိုးပါပဲ၊ ဒီနေ့ရက်မှာ နေထိုင်ဖြတ်သန်းနေရင်း ကောင်းခြင်းတရား တစ်ခုကို အမှတ်တမဲ့ ရှာဖွေလိုက်နိုင်လို့ ကျွန်တော်ဟာ ကျွန်တော်မှ ဟုတ်ရဲ့လားလို့တောင် ထင်မှတ်မှားရတယ်။ ဒါပေမဲ့ ဒီအရာက အခု ဝရန်တာကနေ ခုန်ချလိုက်ချင်နေတဲ့ ကျွန်တော့်ရဲ့ အမှောင်ဘက်အခြမ်းကို ပယ်ဖျက်နိုင်ရလောက်တဲ့အထိ အားကြီးရဲ့လား ကျွန်တော် မသိဘူး။

"ငါ့သားရယ်... အဲဒါ အငယ်ကောင်လေး ချစ်တဲ့ ကလေးမ မဟုတ်လောက်ပါဘူး။ သေချာလေးများ မေးမြန်းကြည့်ပါဦး"

ကြားနေရတဲ့ သတင်းတွေနဲ့ ယုံကြည်ဖို့ရာ လုံလောက်တဲ့ ဓာတ်ပုံတွေကို တွေ့ပြီးတဲ့ နောက်မှာတော့ အမေဟာ ဒီသတင်းကို သူ့သား အငယ်

mgyoe.com